NAMATI
INNOVATIONS IN LEGAL EMPOWERMENT

ဇွန် ၂၀၁၇

# ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆွေးနွေးအဖြေရှာခွင့်ရသည့် ဒီမိုကရေစီသို့ မြန်မာနိုင်ငံ၏ ခြေလှမ်းတစ်လှမ်း - သမိုင်းရှိနေသည့် မြေသိမ်းမှုများအား ဖြေရှင်းရာတွင် နိုင်ငံသားများကိုယ်တိုင် ပါဝင်ဆုံးဖြတ်လာ

၂၀၁၆ ခုနှစ် မေလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတမှ မြေယာသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ မြေယာအမှုအခင်းများ ဖြေရှင်းရေးကို အရှိန်မြှင့် ဆောင်ရွက်ရန်နှင့် ထိခိုက်ခံစားခဲ့ရသူများအဖို့ ထပ်မံမခံစားရစေရန် ရည်ရွယ်ပါသည်။[1] ယင်းကော်မတီ၏ လုပ်ဆောင်ချက်များနှင့် ယန္တရားများမှာ ယခင်ကအတိုင်းဖြစ်သည်။ သို့သော် ထူးခြားပြီးအရေးပါသည့် ခြားနားချက်တစ်ခုတော့ ရှိသည်။ ၎င်းမှာ ကျေးရွာအုပ်စုအဆင့်မှ တိုင်းဒေသကြီး နှင့်ပြည်နယ်အဆင့်အထိ အုပ်ချုပ်စီမံမှုအလွှာတိုင်းတွင် “တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း

[1] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် မေလ(၅) ရက် ရက်စွဲပါ အမိန့်ကြော်ငြာချက်အမှတ် ၁၄/၂၀၁၆။

ကိုယ်စားလှယ်များ" ကိုထည့်သွင်း လာခြင်းဖြစ်သည်။[2] ယခုကဲ့သို့ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုများစွာ ရှိနိုင်ပြီး၊ အင်မတန်လည်း သတိထားကိုင်တွယ်ရသော ကော်မတီမျိုးတွင် အစိုးရ (အုပ်ချုပ်ရေး၊ တပ်မတော်နှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်) မဟုတ်သော တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ တရားဝင်ပါဝင်ခွင့်ရလာခြင်းမှာ ယခုအစိုးရ လက်ထက်တွင် ဒါပထမဆုံးအကြိမ်ဖြစ်သည်။ ၎င်းကိုယ်စားလှယ်များမှာ များသောအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြစ်ပြီး ကော်မတီတွင် အဓိက လုပ်ငန်းတာဝန်နှစ်ခုကို ထမ်းဆောင်ကြရသည်။ ပထမတစ်ခုမှာ တိုင်ကြားလာသူများအတွက် ကိုယ်စားပြုအရေးဆိုပေးခြင်းနှင့်သတင်းအချက်အလက် ဆက်သွယ်ပြန်ကြားပေးခြင်းဖြစ်သည်။ ဒုတိယတစ်ခုအနေနှင့် အချို့သောအခြေအနေများ တွင် အောက်ခြေအဆင့်မှ လက်တွေ့အဖြစ်အပျက်များနှင့် မြေရာဇဝင်တို့ကို ကော်မတီဝင်များအား ပြန်လည်ရှင်းပြပေးရခြင်းဖြစ်သည်။

ယခုခြေလှမ်းမှာ အစိုးရ၏ ရဲဝံ့သောခြေလှမ်းတစ်ရပ်ဖြစ်ပြီး ချီးမွမ်းထိုက်ပါသည်။ ထို့အပြင် ကော်မတီများအတွင်းရှိ အစိုးရနှင့် အစိုးရမဟုတ်သောကိုယ်စားလှယ်များသည် ၎င်းတို့၏ပုံမှန် လုပ်ငန်းတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နေရသည့်ကြားထဲမှ ကော်မတီတာဝန်များကိုလည်း ဘတ်ဂျက်အကန့်အသတ်၊ လူ့စွမ်းအားအရင်းအမြစ်အကန့်အသတ်များနှင့် လုပ်ကိုင်ကြရသည်။ ဤအချက်ကိုလည်း အသိအမှတ်ပြု ပေးရပါမည်။

အဖွဲ့အစည်းအသစ်ဖြစ်သည့်အလျောက် ယခုထက်တိုးတက်ကောင်းမွန်လာနိုင်မည့် အလားအလာများလည်းရှိနေသည်။ Namati အနေဖြင့် ဤပြန်လည်စိစစ်ရေးကော်မတီများ၏ တစ်နှစ်အတွင်း လုပ်ငန်းအတွေ့အကြုံများကို ကော်မတီအတွင်းမှ အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ပြန်လည်သုံးသပ်ပြီး ဤစာတမ်းငယ်ကို ရေးသားပြုစုခဲ့ပါသည်။ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် မျှော်လင့်ချက်ဖြင့် ပြုစုခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့အားကောင်းလာမှသာလျှင် မိမိတို့၏ မြေယာအခွင့်အရေးကို ရရှိခံစားနိုင်ရန်ကြိုးစားနေကြသော မြန်မာနိုင်ငံသူနိုင်ငံသားများ၏ တကယ့်လက်တွေ့ဘဝအပေါ် ယခုထက်ပို၍ တုန့်ပြန်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။[3]

[2] ဗဟိုကော်မတီအဆင့်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်း သို့မဟုတ် တောင်သူလယ်သမားကိုယ်စားလှယ် ထည့်သွင်းခန့်အပ်ထားခြင်းမရှိပေ။ အမိန့်ကြော်ငြာစာတွင်မူ "တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်" ဟူ၍ ဖော်ပြထားသော်ငြား အသေးစိတ်ဖွင့်ဆိုထားခြင်းမရှိပေ။ ထို့ကြောင့် ဤရာထူးနေရာတွင် ထည့်သွင်းခန့်ထားသူများမှာ အချို့နေရာများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ နည်းပညာကျွမ်းကျင်သူဝန်ထမ်းများ ဖြစ်နေ တတ်ကြပြီး အချို့သောနေရာများတွင်မူ ဒေသခံများကယုံကြည်လေးစားကြသည့် လယ်သမားများလည်းရှိနေတတ်ရာ ၎င်းတို့အား ဤစာစောင်တွင် အစိုးရမဟုတ်သည့်ကိုယ်စားလှယ်ဟူ၍သာ သုံးစွဲထားပါသည်။

[3] ဤစာစောင်ကို Namati မှ ကောက်ယူပြုစုထားသည့် မြေယာမှုခင်းများ၏ အရေအတွက်အခြေပြု အချက်အလက်များပေါ်တွင် အခြေခံသုံးသပ်ထားခြင်းဖြစ်ပါသည်။ ပဲခူး၊ ရှမ်း၊ ရခိုင်နှင့် ဧရာဝတီတို့တွင် Namati နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပြန်လည်စိစစ်ရေးကော်မတီများအား ဝိုင်းဝန်းပံ့ပိုးသည့်အနေဖြင့် ကောက်ယူခဲ့ကြသည့် မြေယာမှုခင်း ၁၆၀ တွင် တောင်သူလယ်သမား ၂၈၀၀ ပါဝင်ပြီး မြေဧကအားဖြင့် ၁၅၀၀၀ ခန့်ကို လွှမ်းခြုံထားပါသည်။

## ၁။ NLD အစိုးရသည် အစိုးရဖြစ်ပြီးသိပ်မကြာခင်မှာပင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ခြင်းအားဖြင့် သမိုင်းနှင့်ချီ၍ဖြစ်ပေါ်ခဲ့သော မြေယာအငြင်းပွားမှုများအား ဖြေရှင်းပေးလိုသည့် ၎င်း၏ယတိပြတ်ဆန္ဒကိုပြသခဲ့ပါသည်။

သမ္မတဦးသိန်းစိန်လက်ထက် စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီရောယှက်သည့်အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းခဲ့သောကာလတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို လွှတ်တော်မှ ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါသည်။ မြေယာလုပ်ပိုင်ခွင့်ဖယ်ရှားခံခဲ့ရသည့် မြန်မာနိုင်ငံသားများအတွက် တရားမျှတမှုများ ပြန်လည် ဆောင်ကြဉ်းပေးနိုင်ရန်ဖြစ်ပြီး၊ မြေယာသိမ်းဆည်းခံရမှု တိုင်တန်းချက်များအား လေ့လာသုံးသပ်ခြင်း၊ အစီရင်ခံစာများနှင့် အကြံပြုချက်များ တင်ပြခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ သည်။ ကော်မတီ၏မူလတာဝန်မှာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးလျှင် အကြံပြုချက်များကိုစုစည်းပြီး မြေအသုံးချမှု စီမံခန့်ခွဲရေးဆိုင်ရာဗဟိုကော်မတီသို့ အကြံပြုတင်ပြရန်သာဖြစ်သောကြောင့် မြေယာအမှုအခင်းများနှင့် ပတ်သက်ပြီး[4] အမိန့်ချမှတ်ခြင်း သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို လုပ်ဆောင်နိုင်သော အခွင့်အာဏာမရှိပေ။ ဦးသိန်းစိန်အစိုးရ သက်တမ်းကုန်သောအခါ လွှတ်တော်မှဖွဲ့စည်းပေးထားသည့် ကော်မရှင်နှင့် မြေအသုံးချမှု စီမံခန့်ခွဲရေးဆိုင်ရာ ဗဟိုကော်မတီတို့လည်း သက်တမ်းကုန်ဆုံးသွားခဲ့ကြသည်။ ထိုအခါ စုံစမ်းစစ်ဆေးခြင်း မပြုရသေးသော၊ ဖြေရှင်းခြင်းမပြုရသေးသော မြေယာမှုခင်းအမြောက်အမြားတိုးလို့ တန်းလန်း ကျန်ရစ်ခဲ့သည်။[5]

တောင်သူလယ်သမားများအတွက် တရားမျှတမှုဆောင်ကြဉ်းရေးဆိုသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ၂၀၁၅ ရွေးကောက်ပွဲကြေငြာစာတမ်းတွင် ပင်မအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည်။[6] သမိုင်းကြောင်းတစ်လျှောက်တွင် တွေ့ကြုံခဲ့ရသည့် မြေယာသိမ်းဆည်းမှုများ၏ဒဏ်ကို ခံစားခဲ့ကြရပြီး ယခင်အစိုးရလက်ထက်တွင်ဖွဲ့စည်းခဲ့သည့် ယန္တရားအသီးသီးကိုလည်း အသုံးပြုဖြေရှင်းနိုင်ရန် ကြိုးစားခဲ့ကြသော လယ်သမားများနှင့်ရပ်ရွာလူထုများအတွက် မျှော်လင့်ချက်ရှိလာခဲ့သည်။ အစိုးရအသစ်ဖွဲ့စည်းပြီး တစ်လအကြာ ၂၀၁၆ ခုနှစ် မေလ (၅) ရက်နေ့တွင် မြေယာသိမ်းဆည်းခံရမှုများအား ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ဒုတိယသမ္မတ(၂)ကိုယ်တိုင်မှ ကြီးကြပ်ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတကိုယ်တိုင်မှ ကြေညာပြောကြားခဲ့သည်။ ကော်မတီဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြေယာသိမ်းဆည်းခံရမှုများအား အရှိန်မြှင့်ဖြေရှင်းပေးသွားနိုင်ရန်ဖြစ်သည်။[7] ကော်မတီများအဆင့်ဆင့် ဖွဲ့စည်းမှုတွင် ပင်မလုပ်ငန်းသုံးခုပေါင်းစပ် ထည့်သွင်းပေးထားသည်။ ၎င်းလုပ်ငန်းများမှာ အမှုများကို စစ်ဆေးရန်၊ မြေယာပြန်လည်ပေးအပ်ခြင်း သို့မဟုတ် လျော်ကြေးပေးဆောင်ခြင်း စသည့်နည်းလမ်းများဖြင့် အမှုများကို ဖြေရှင်းပေးရန်၊ မြေယာပြန်လည်ပေးအပ်ပါက ပေးအပ်မှု အခြေအနေကို စောင့်ကြည့်ရန် စသည်တို့ဖြစ်သည်။လက်ရှိတင်ပြထားသော မြေယာအမှုအခင်း အားလုံးကို ဖြေရှင်းပြီးသည်အထိ နောက်ထပ်မြေသိမ်း လုပ်ငန်းများကို ဆိုင်းငံ့ထားရမည်ဟုလည်း အမိန့်ကြော်ငြာစာတွင် ဖော်ပြထားပါသည်။

---

[4] ၂၀၁၆ ခုနှစ် မတ်လ ၁၇ နေ့စွဲဖြင့် ဖော်ပြထားသော မြန်မာ့အလင်းသတင်းစာပါ ဗဟိုမြေယာအသုံးပြုမှုနှင့် စီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာ။

[5] *Ibid.*

[6] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၅ ရွေးကောက်ပွဲကြေငြာချက်။

[7] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် မေလ(၅) ရက် ရက်စွဲပါ အမိန့်ကြေငြာချက်အမှတ် ၁၄/၂၀၁၆။

တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်ရှိ အာဏာပိုင်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာအဆင့်များတွင် ပြန်လည်စိစစ်ရေးကော်မတီများ ဖွဲ့စည်းသွားကြရန် ဗဟိုကော်မတီက ၂၀၁၆ ခုနှစ် ဖွန်လတွင် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သေးသည်။[8] ပြည်ထောင်စုအဆင့် မဟုတ်သည့် ကော်မတီများတွင် ဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများနှင့်တွဲဖက်၍ လုပ်ငန်းများ လုပ်ဆောင် နိုင်ရန်အတွက် တောင်သူလယ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်နေသည့် အရပ်ဘက်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုပါ ထည့်သွင်း ဆောင်ရွက်စေခဲ့သည်။

## ၂။ မြေယာမှုခင်းတစ်ခုအားစုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြုချက်ပေး ခြင်းတို့တွင် ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များအကြား၌ တာဝန်ခံရ သည့် အနေအထားများ တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။

**အလွှာအဆင့်အသီးသီးရှိ ကော်မတီများတွင် ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များ မတူညီကြပေ။** ဗဟို ကော်မတီသည် ယေဘုယျအားဖြင့် ပြန်လည်စိစစ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်း တို့ကို ဆောင်ရွက်ပါသည်။ ဗဟို ကော်မတီအဆင့်တွင် အတွင်းရေးမှူး အဖြစ်ဆောင်ရွက်သူမှာ ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်သည်။ အဆိုပါဝန်ကြီးဌာနမှာ တပ်မတော်၏ ထိန်းချုပ်မှုအောက်၌ရှိနေပြီး မြန်မာ နိုင်ငံ၏ အရပ်ဘက် လုပ်ငန်းများ အတွက် တာဝန်ယူ ထားရသည့် ဝန်ကြီးဌာနလည်း ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ဒုဝန်ကြီးတို့ နှစ်ဦးစလုံး ဗဟိုကော်မတီတွင်ပါဝင်နေကြသော်လည်း အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ရွာလူထု ကိုယ်စားလှယ်များ နှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက်မှု နေရာထည့်သွင်းထားခြင်း မရှိပေ။

ရှုပ်ထွေးခက်ခဲသည့်အမှုများ သို့မဟုတ် တောင်သူလယ်သမား အရေအတွက်များစွာ ပါဝင်ပတ်သက်နေသော အမှုများကို စုံစမ်းစစ်ဆေးရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် ဒေသတွင်း၊ မြို့နယ်နှင့် ခရိုင်အဆင့်ကော်မတီဝင်များ ပါဝင်သော "အထူးအဖွဲ့များ" ဖွဲ့စည်း ဆောင်ရွက် နိုင်သည်ဟု လမ်းညွှန်ချက်ထဲတွင် လုပ်ပိုင်ခွင့်ပေးထားသည်။ (အသေးစိတ် အချက်အလက်များကိုတော့ ပံ့ပိုးပေးထားခြင်းမရှိပါ)

မကွေးတိုင်းဒေသကြီးတွင် ထိုကဲ့သို့သော အထူးအဖွဲ့တစ်ဖွဲ့ကို တိုင်း ဒေသကြီးအဆင့် တောင်သူလယ်သမားရေးရာ အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦး၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ထိုကိုယ်စားလှယ်သည် ၎င်း၏ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုများကို အောက်ခြေအဆင့်များသို့ တိုက်ရိုက်ပံ့ပိုးပေးနိုင်ခဲ့ပြီး၊ မှုခင်းဖြေရှင်းချိန်ကိုလည်း မြန်ဆန်စေခဲ့ပါသည်။ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာများကို တိုင်း ဒေသကြီးအဆင့်အထိ အဆင့်ဆင့်အစီရင်ခံ တင်ပြမှုများအား စောင့်ဆိုင်းနေစရာ မလိုတော့ပေ။ သက်ဆိုင်ရာအမှုအခင်းအား စုံစမ်းစစ်ဆေး ရာတွင်လည်း ထိုအထူးအဖွဲ့သည် တိုက်ရိုက် ပါဝင်ခွင့်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မတီများကို တိုင်းဒေသကြီးနှင့်

[8] ၂၀၁၆ ခုနှစ် ဖွန် (၉) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် မြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၃၉/၁-ကော်မတီ-မြေ(ဗဟို)။

ပြည်နယ်အဆင့် ဝန်ကြီးချုပ်များက ဦး ဆောင်ပြီး၊ ၎င်းကော်မတီ၏ တာဝန်မှာ မြေ ယာမှုခင်းများအား ဖြေရှင်းပေးရန် နှင့် သိမ်းဆည်းခံခဲ့ရ သည့်မြေများကို ပိုင်ရှင်အမှန်များ လက်ဝယ်သို့ ပြန်လည် လွှဲပြောင်းပေးရန်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မတီဖြစ်သည့် အလျောက် အောက်ခြေအဆင့် ကော်မတီများတွင် စိစစ်ဖြေရှင်းမှု လုပ်ငန်းများ မြန်ဆန်ချောမွေ့စေရေးအတွက် အစိုးရဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ရေးကိုလည်း တာဝန်ယူပေးရသည်။[9] သို့သော် လက်တွေ့တွင်မူ အကဲဆတ်သည့်အမှုများ (တပ်မတော်မှ ပါဝင်ပတ်သက်နေသည့်အမှုကိစ္စမျိုး) ကိုကိုင်တွယ်ရာ၌ ကော်မတီလမ်းညွှန်ချက်များအတိုင်း လိုက်နာ၍ တိကျသေချာသောဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်သော်လည်း မချမှတ်ဘဲ ဗဟိုကော်မတီထံသို့သာပေးပို့ပြီး အဆုံးအဖြတ်ရယူတတ်ကြသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကော်မတီများ၏ အဖွဲ့ဝင်များကို ယေဘုယျအားဖြင့် ၁) အစိုးရဌာန ကိုယ်စားလှယ်များ၊ ၂) တပ်မတော်သား ကိုယ်စားလှယ်များ၊ ၃) လွှတ်တော်ကိုယ်စားလှယ်များ ၄) အရပ်ဘက်လူမှုအဖွဲ့အစည်း/ရပ်ရွာလူထု ကိုယ်စားလှယ်များ ဟူ၍ အုပ်စုအမျိုးအစားလေးမျိုး ခွဲခြားထား နိုင်ပါသည်။ တပ်မတော်သား ကိုယ်စား လှယ်များမပါဝင်တော့သော်လည်း ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်/ကျေးအုပ်စု အဆင့်တို့တွင်လည်း ဤပုံစံမျိုးဖြင့်သာဖွဲ့စည်းပေးထားသည်။ ဤအဆင့်ရှိကော်မတီများ သည် မြေယာမှုခင်း တစ်ခုချင်းစီအား စုံစမ်းစစ်ဆေးပေးရပြီး မည်သည့်နည်းလမ်းမျိုးဖြင့် ဖြေရှင် ဖြေရှင်း ပေးသင့်သည်ကို အထက်အဆင့် ကော်မတီများသို့ အကြံပြုချက်များ တင်ပြပေးရသည်။

**ကော်မတီတွင်ပါဝင်သည့် ကိုယ်စားလှယ်အမျိုးအစား အုပ်စုတစ်ခုချင်းသည် အရေးပါသည့် လုပ်ငန်းကျွမ်းကျင်မှုအမျိုးမျိုးနှင့် ရှုထောင့်အမျိုးမျိုးကို ပေးစွမ်းနိုင်ကြသည်။** အစိုးရဌာနများနှင့် တပ်မတော်သား ကိုယ်စားလှယ်တို့မှာ အစိုးရဌာနများမှ အချိန်ပြည့်ဝန်ထမ်းများ ဖြစ်သည့် အလျောက် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းများ အကြောင်းကို အပြည့်အဝ သိရှိထားကြသည့်အပြင် လိုအပ်သော သတင်းအချက်အလက်များကို ပိုမို ရယူနိုင်စွမ်း ရှိကြသည်။ လွှတ်တော် ကိုယ်စားလှယ် များနှင့် ရပ်ရွာလူထု/ အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကမူ ၎င်းတို့၏လုပ်ငန်းသဘာဝအရ အောက်ခြေ လူထုနှင့် နီးကပ်စွာပူး ပေါင်းဆောင်ရွက်ကြရသည်ဖြစ်ရာ လူထု၏ပကတိအခြေအနေကို အပြည့်အဝ နားလည်သဘောပေါက်ကြသည်။ သာဓကပြရလျှင် ၎င်းတို့သည် ဒေသအတွင်း ရှိ မြေယာလုပ်ပိုင်ခွင့် ရာဇဝင်ကို ကောင်းကောင်းနားလည်သိရှိထားကြသည် (မည်သည့်မြေကို မည်သူက ပိုင်သည်)၊ မြေယာစီမံ ခန့်ခွဲမှုတွင် အစိုးရနှင့် ရပ်ရွာလူထု၏ လက်တွေ့ကျင့်သုံးမှုများကိုလည်း

> "ကော်မတီထဲမှာဆိုရင် ကျွန်တော်က လူထုနဲ့လယ်သမားတွေဘက်က ရပ်တည်ပြီး အောက်ခြေက အဖြစ်အပျက်အမှန်တွေကိုပြောပြခွင့်ရှိတယ်။ အစိုးရဌာနက ဝန်ထမ်းတွေရဲ့အခက်အခဲကိုလည်း ကောင်းကောင်း နားလည်တယ်။ ကော်မတီဝင်တွေ အချင်းချင်းကြားမှာ ရင်းနှီးတဲ့ ဆက်ဆံမှု၊ အပြန်အလှန်လေးစားမှုတွေကြောင့်မို့ မြေယာပြဿနာဖြေရှင်းနိုင်ဖို့အတွက် သူတို့နဲ့ ဆက်ဆံရတာ အဆင်ပြေပါတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်ရေးရင်းနှီးမှု တွေ ဘယ်လောက်ပဲရှိနေပါစေ၊ အမှုတစ်ခုအကြောင်းကို ဆွေးနွေး တဲ့အခါမှာ အစိုးရကိုယ်စားလှယ်တွေက အကျိုးခံစားခွင့်ရှိတဲ့ လူထုမျက်နှာကိုမကြည့်ဘဲ အစိုးရ/ စစ်တပ်ဘက်ကနေပြီးတော့ပဲ ပြောဆိုဆွေးနွေးတဲ့အခါမျိုးကျရင် ကျွန်တော်ကလည်း အတိုက်အခံ လုပ်ရတာပါပဲ"
>
> အစိုးရမဟုတ်သည့် ကိုယ်စားလှယ်တစ်ဦး

[9] မြေယာမှုခင်းများဖြေရှင်းရာတွင် မည်သည့်အဆင့်မှကော်မတီသည် စည်းနှောင်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်ဟူ၍ ညွှန်ကြားချက်တွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားခြင်းမရှိပေ။ သို့သော် အခြေခံအားဖြင့်မူ မြေယာမှုခင်းများအတွက် လုံလောက်သောဖြေရှင်းမှုများ ရှာဖွေခြင်းသည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကော်မတီများတွင် တာဝန်အရှိဆုံးဖြစ်သည်ဟု အကြံပြုညွှန်ကြားထားပါသည်။

သိရှိထားကြသည့်အပြင် ဥပဒေနှင့် မည်သို့ကိုက်ညီသင့်သည်ကိုလည်း နားလည်ထားကြသည်။[10] ထို့အပြင် ၎င်းတို့အား ရပ်ရွာလူထုမှ ယုံကြည် အားထားကြသည့်အပြင် ရှုပ်ထွေးနက်နဲသည့်ဥပဒေဆိုင်ရာ အကြောင်းအရာများကို လူထုနားလည်လွယ် မည့် စကားလုံးများဖြင့် ရှင်းပြတတ်ကြသည်။ ကော်မတီ အဖွဲ့ဝင် အုပ်စုအမျိုးအစား အသီးသီးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ကြသည်-

- မြေယာသိမ်းဆည်းခံရမှုအငြင်းပွားသည့်ကိစ္စများတွင် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်များချည်းပဲ ဆုံးဖြတ်ပိုင်ခွင့်မရှိသည့်အတွက် ကော်မတီထဲတွင် အပြန်အလှန်ထိန်းကျောင်းမှုစနစ်ကို ဖန်တီး ပေးသည်။
- ပုံမှန်ဆုံတွေ့မှု သို့မဟုတ် လိုအပ်ချက်အလိုက် တွေ့ဆုံဆွေးနွေးမှုများကြောင့် အမှုဖြစ်စဉ်အခြေ အနေနှင့်ပတ်သက်ပြီး ကော်မတီအဖွဲ့ဝင်များအကြားတွင် နားလည်မှုပိုမိုပြင်စေသည်။
- မြေယာအမှုအခင်းဖြေရှင်းရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်ရာတွင်လည်းကောင်း၊ မြေပြင်သို့သွားရောက်စစ်ဆေးရာတွင် လည်းကောင်း လယ်သမားများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် ဒေသအခြေအနေများကို တရားဝင် ထည့်သွင်းပြောကြားခွင့် ရလာသည်။
- လွှတ်တော်ကိုယ်စားလှယ်အနေဖြင့်လည်း သက်ဆိုင်ရာမဲဆန္ဒနယ်မှ မဲဆန္ဒရှင်များ၏အသံကို ကော်မတီတွင် ထုတ်ဖော်ပြောကြားပေးခွင့်ရှိသည်။
- သာမန်အမှုကိစ္စများဆိုလျှင် ရပ်ရွာအဆင့်မှာပင် ညှိနှိုင်းပေးခြင်းဖြင့် ဖြေရှင်းပေးသွားနိုင်သည်။

**ကော်မတီ၏ စုံစမ်းစစ်ဆေးမှုများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များ အပြည့်အဝပါဝင်နိုင်ရေးအတွက် အခက်အခဲအတားအဆီးများ ရှိနေပါသေးသည်။**

*က) အစိုးရဌာနများထံမှ တရားဝင် သတင်းအချက် အလက်များ၊ မြေသိမ်းဆည်းမှု မှတ်တမ်းများ၊ စသည်တို့ ရယူနိုင်စွမ်းမရှိခြင်း။* ကော်မတီတိုင်းတွင် မတူညီသည့်ပုံစံများ ရှိနေကြသည့်အပြင် မတူညီသည့် လမ်းညွှန်ချက်များ အောက်တွင် လုပ်ကိုင်နေကြရသည် ဖြ ဖြစ်ရာကော်မတီများ၌ မြင် မြင်တွေ့ရလေ့ရှိသည့် ပြဿနာ တစ်ခုမှာ အစိုးရနှင့် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များအကြားတွင် သတင်းအချက်အလက် ရယူနိုင်စွမ်းမတူညီကြခြင်းပင်ဖြစ်သည်။ ကော်မတီအတွင်းမှ အစိုးရကိုယ်စားလှယ်များသည် အစိုးရ မဟုတ်သည့်ကိုယ်စားလှယ်များထက် သတင်းအချက်အလက်များကို ပိုမိုရယူနိုင်ကြသည်။ ထိုသို့ မညီမျှခြင်း ကြောင့်လည်း အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များအတွက် အချို့သောအမှုများတွင် အားနည်းချက်တစ်ခုဖြစ်လာပြီး မှန်ကန် ထိရောက်သော ဆုံးဖြတ်ချက်များအတွက် အကြံမပြုနိုင်ကြ

> "ကော်မတီထဲမှာရှိတဲ့ အစိုးရကိုယ်စားလှယ်တွေကြားထဲမှာတောင်မှ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးက ပိုပြီးလွှမ်းမိုးမှုရှိတယ်။ တစ်ခြားအစိုးရဌာနက ကိုယ်စားလှယ်၊ CSO ကိုယ်စားလှယ်တို့ထက်စာရင် သူတို့က သတင်းအချက်အလက်တွေကို ပိုပြီးရယူနိုင်စွမ်းရှိကြတာကိုး"
>
> အစိုးရမဟုတ်သည့် ကိုယ်စားလှယ်တစ်ဦး

[10] သမိုင်းကြောင်းကိုပြန်ကြည့်လျှင် မြန်မာနိုင်ငံတွင် မြေယာဥပဒေများကို ပီပီပြင်ပြင်ဖော်ဆောင်ခဲ့ခြင်း မရှိကြပေ။ ထို့ကြောင့်လည်း မြေယာမှုခင်း များအား ရေးဆွဲပြဋ္ဌာန်းထားသည့်ဥပဒေတစ်ခုတည်း၏ရှုထောင့်မှသာ သုံးသပ်မည်ဆိုပါက ဥပဒေကြောင်းအရ မှန်ကန်နိုင်သော်လည်း မမျှတမှုများ ပေါ်ထွက်လာနိုင်ပါသည်။ သာဓကများကို Caitlin Pierce နှင့် နွယ်နီစိုးတို့ ၂၀၁၆ ခုနှစ်တွင် ရေးသားပြုစုခဲ့သည့် "မြန်မာနိုင်ငံရှိ လယ်သမားများ အတွက် မြေနှင့်တရားမျှတမှု ဆောင်ကြဉ်းနိုင်ရန် အဖွဲ့အစည်းများ ပေါင်းစပ်လုပ်ဆောင်ခြင်း" ကို ကြည့်ပါ။

တော့ပေ။ ၎င်းတို့အနေနှင့် အစိုးရကိုယ်စားလှယ်များကဝေမျှပေးသည့် သတင်းအချက်အလက်များ အပေါ်တွင်သာ မှီခိုနေရသည်။[11]

*ခ) အမှုတစ်ခုအား ဆက်လက်စုံစမ်းစစ်ဆေးခြင်းပြုမပြုကို အတွင်းရေးမှူး (အစိုးရကိုယ်စားလှယ်) က ရှေးဦးစွာ ဆုံးဖြတ်လေ့ရှိသည်။* လက်ခံရရှိလာသည့်တိုင်တန်းချက်များသည် ကော်မတီ၏ စီရင်ပိုင်ခွင့် နယ်နိမိတ်အတွင်း ရှိမရှိအား စစ်ဆေးခြင်းကို ပုံမှန်အားဖြင့် ကော်မတီအတွင်းရေးမှူးက တာဝန်ယူဆောင် ရွက်လေ့ရှိသည်။ ထိုပဏာမအဆင့် စစ်ဆေးမှုကိုကျော်လွန်သွားသည့် အမှုအခင်းများကိုသာ ကော်မတီမှ လစဉ်အစည်းအဝေးထိုင်ပြီး ဆက်လက်ဆွေးနွေးကြသည်။ အကယ်၍ တိုင်တန်းချက်တစ်ခုသည် ပဏာမ စစ်ဆေးသည့်အဆင့်ကို မကျော်ဖြတ်နိုင်ပါက ထိုအမှုအား လက်ခံဆွေးနွေးရန်ရွှေ့ဆိုင်းခြင်း သို့မဟုတ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကဲ့သို့ အခြားသက်ဆိုင်ရာကော်မတီများသို့ ဆက်လက်ညွှန်းပို့ခြင်းများ လုပ်ဆောင်ရသည်။ အမှုဖြစ်စဉ်နှင့်ပတ်သက်သည့် သဘောထားမှတ်ချက်များနှင့် အကြံပြုချက်များကိုမူ ကော်မတီအဖွဲ့ဝင်များ၏ အများစုဆန္ဒမဲဖြင့် ပေးကြခြင်းဖြစ်သည်။ အမှုဖြစ်စဉ်အစီရင်ခံစာများကို ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ကသာလျှင် တာဝန်ယူရေးသားကြသည်။ ထို့အပြင် အခြေအတင်ဆွေးနွေး ကြသည့်အခါတွင်လည်း အစိုးရမဟုတ်သောကိုယ်စားလှယ်များက အားမကောင်း သောအခါများ၌ ကော ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကပဲ အခြားအဖွဲ့ဝင်များ၏ အကြံပြုချက်များအပေါ် လွှမ်းမိုးလိုက်ကြ သည်သာ။

*ဂ) အထူးသဖြင့် မြို့နယ်အဆင့်တွင် အရှိုးစွဲနေသည့် လုပ်ပိုင်ခွင့်လွှမ်းမိုးမှုများကြောင့် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များ၏အသံများ ကန့်သတ်ခံနေ ရသည်။* မြို့နယ်အဆင့်ကော်မတီများတွင် အစိုးရ မဟုတ်သည့် ကိုယ်စားလှယ်များသည် ကော်မတီဥက္ကဋ္ဌကို အတိုက်အခံဆွေးနွေးဖို့ ဝန်လေးတတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကော ာ် ကော်မတီဥက္ကဋ္ဌသည် ပြင်ပတွင် မြို့န ယ်အုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းဆောင်သည်ဖြစ်ရာ အရပ်သားများ၏ ဘဝအစိတ်အပိုင်းများစွာအပေါ် လွှမ်းမိုးမှုရှိသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အာဏာရှင်စနစ်ကိုတောက်လျှောက်ကျင့်သုံးခဲ့သည်ဖြစ်ရာ အချို့သောလွှမ်းမိုးမှုများမှာ မရည်ရွယ်ဘဲ ဖြစ်သွားခြင်းသည်။ အချို့သော အားကောင်းသည့် အရပ်ဘက်အဖွဲ့ အစည်းများသည်ပင် အစိုးရပိုင်းမှသဘောထားမှတ်ချက်များကို ကန့်ကွက်ငြင်းဆန်တတ်သည့် အလေ့အထ နည်းပါးကြသည်။


> "မြို့နယ်အုပ်ချုပ်ရေးမှူး (မြို့နယ်အဆင့်ကော်မတီဥက္ကဋ္ဌ)က အရာအားလုံးကို ထိန်းချုပ်ထားနိုင်တာမို့ သူက ကော်မတီထဲမှာ ပါဝါအရှိဆုံးပဲ"
>
> မြို့နယ်အဆင့်အစိုးရမဟုတ်သည့် ကိုယ်စားလှယ်တစ်ဦး

[11] မြန်မာနိုင်ငံတွင် သတင်းအချက်အလက်များ ရယူသုံးစွဲရေးမှာ ရှောင်လွှဲမရသည့်ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ PEN မှ ပြုစုထုတ်ဝေခဲ့သော မြန်မာနိုင်ငံ၏ ညွှန်းကိန်းရမှတ်များ ၂၀၁၇ အရ "ဝန်ကြီးဌာနအများစုက သတင်းအချက်အလက်တောင်းရင် လျစ်လျူရှုထားတတ်ကြတယ်။ ဒါမှမဟုတ် တစ်ခြားနေရာမှာသွားတောင်းပါဆိုပြီး ပုတ်ထုတ်တတ်ကြတယ်"

ဤကဲ့သို့ လုပ်ပိုင်ခွင့်လွှမ်းမိုးမှုများမှာ မြန်မာနိုင်ငံတွင် တစ်ဖြည်းဖြည်း နှင့် ပြောင်းလဲလာပြီဖြစ်သော်လည်း အချိန်ကာလတစ်ခုကိုဖြင့် ကျော်ဖြတ်ရပေဦးမည်။[12]

## ၃။ မြေယာအမှုအခင်း စစ်ဆေးမှုများ ချောမွေ့မြန်ဆန်စေရန် အစိုးရဘက်မှ ကြိုးပမ်းနေလင့်ကစား တိုင်စာများဖောင်းပွနေခြင်း၊ ပွင့်လင်း မြင်သာမှု အားနည်းခြင်းနှင့် အရင်းအမြစ်ကန့်သတ်ချက်များ ရှိနေခြင်း တို့ကြောင့် ရှုပ်ထွေးမှု သံသရာကတော့ လည်နေဦးမည်ပင်။


ဤစာတမ်းငယ်သည် အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များ၏ သုံးသပ်ချက်များအပြင် Namati မှ ကူညီပံ့ပိုးပေးခဲ့သည့် အမှုအခင်း များတွင် ကောက်ယူခဲ့သည့် အရေအတွက်အခြေပြု အချက်အလက်များ အပေါ်တွင်လည်း အခြေခံပါသည်။ Namati နှင့် မိတ်ဖက်အဖွဲ့များသည် ပြန်လည်စိစစ်မှု လုပ်ငန်းစဉ်များအတွင်းရှိ မြေယာအမှု ၁၆၀ တွင် ပါဝင်ပံ့ပိုးပေးခဲ့သည်။ ထိုအမှုအခင်း များသည် ပဲခူး၊ စစ်ကိုင်း၊ ရှမ်း၊ ရခိုင်နှင့် ဧရာဝတီတို့မှ လယ်သမားဦးရေ ၂၈၅၀ နှင့် မြေပမာဏ ၁၅၀၀၀ ဧကကျော်အား လွှမ်းခြုံပါသည်။




မြေယာအမှုအခင်းဖြေရှင်းရန် အခွင့်အာဏာရထားသော အဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခု လုပ်ငန်းသဘော ထပ်ကျော့ရောထွေး နေပုံ နှင့် အမှုစစ်ဆေးနိုင်ရန်အတွက် အသုံး ချနိုင်သော နည်းလမ်းများကို စာမျက်နှာ (၁၂) တွင်ကြည့်ရှုနိုင်ပါသည်။ အစိုးရအနေနှင့် အမှုများကိုအဆင့်တိုင်းတွင်လက်ခံခြင်း၊ အမှု စစ်ဆေးသောစနစ်သို့ရောက်ရှိရန် နည်းလမ်းများစွာရှိခြင်း စသည့်အချက်များ မှာ ကောင်းသည်ဆိုသော်လည်း ရှုပ်ထွေးပွေလီ သော စနစ်ကိုဖြစ်ပေါ်စေပါသည်။

[12] သာဓကများအဖြစ် ၂၀၁၇ မေလတွင် ကမ္ဘာ့ဘဏ်မှ ပြုစုထုတ်ဝေခဲ့သော "မြန်မာနိုင်ငံ၏ လူမှုရေးအသွင်ပြောင်းလဲမှုများအား မှတ်တမ်းပြုစုခြင်း - ကျေးလက်ဒေသများရှိ သက်မွေးလုပ်ငန်းများနှင့် လူမှုရေးကဏ္ဍပြောင်းလဲမှုများအား သုတေသန(၆)ကြိမ်ပြုလုပ်ပြီး ရရှိလာသည့် တွေ့ရှိချက်များ" ကို ကြည့်ပါ။

***မြေယာအငြင်းပွားမှုအတွက် တိုင်တန်းရာတွင် မည်သို့လုပ်ဆောင်ရမည်ဟု ရှင်းလင်းတိကျသော ညွှန်ကြားချက်များ မရှိထားခြင်းနှင့် စုံစမ်းစစ်ဆေးမှုကာလ တိတိကျကျ မသတ်မှတ်ထားခြင်း တို့ကြောင့် တိုင်စာများ ပိုမိုဖောင်းပွလာကြသည်။*** ယခင်ဖွဲ့စည်းခဲ့သည့် ယန္တရားများနှင့်နှိုင်းစာလျှင် အသစ်ဖွဲ့စည်းထားသော ကော်မတီများအတွက် လုပ်ငန်း ဆောင်ရွက်မှုအပိုင်းတွင် တိုးတက်ကောင်းမွန်လာသည်ကိုမူ ကြိုဆိုရပေမည်။ မြေယာသိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ တိုင်ကြားစာများတွင် မည်သည့်အချက်များပါဝင်ထည့်သွင်းရမည်ကို ကော်မတီအဖွဲ့ဝင်အချို့က သတင်းစာ သို့မဟုတ် ဖေ့စ်ဘွတ် တို့ပေါ်တွင် ရေးသားဖော်ပြပေးထားတတ်ကြသည်။ သို့သော် ဤလုပ်ငန်းစဉ် မှာလည်း တရားဝင်နည်းလမ်း သို့မဟုတ် နည်းစနစ်ကျကျဖြင့် ဆော ဆောင်ရွက်ကြသည်တော့မဟုတ်ပေ။ လတ်တလောတွင်မူ တိုင်စာများ ကို မည်သည့်အဆင့်မှကော်မတီသို့မဆို ပေး ပို့ တိုင်ကြား နိုင်ပါသည်။ ထို့ကြောင့် လည်း တောင်သူလယ်သမားများ အနေ နှင့် မိမိ၏အမှုကို စစ်ဆေးနေသလား ဆို သည်ကိုမသိနိုင်၊ ထို့ကြောင့် မိမိ၏အမှု အကြောင်းကို ကြားရနိုင်မည့် နည်းလမ်း မျိုးစုံကို သုံးစွဲလာကြသည်။ မြေယာမှုခင်း များကို အလွှာအသီးသီး သို့ ပေးပို့ တိုင်တန်း တတ်ကြသည်ကိုလည်း Namati မှ ကောက်ယူထားသည့် မြေယာမှုခင်းအလိုက် အချက်အလက်များအရ မှတ်သားရပါသည်။ ၎င်းတို့အနက် ထက်ဝက်ခန့်ကို ဗဟိုကော်မတီအဆင့်သို့ ပေးပို့တိုင်တန်း တတ်ကြသည်။ (၎င်းတို့၏ ထက်ဝက်ခန့်သည် ဗဟို ကော်မတီတစ်ခု တည်းကိုသာပေးပို့ကြခြင်းဖြစ်သည်) လက်ရှိ အခြေအနေတွင် တိုင်စာများလက်ခံ ရရှိသည့် ကော်မတီ အတွင်းရေးမှူးမှ တိုင်စာလက်ခံရရှိကြောင်းကို တရားဝင် လက်မှတ်ရေးထိုး၍ အကြောင်းပြန်ပေးသော်လည်း အမှုစစ်ဆေးချက်နှင့်ပတ်သက်သည့် အခြေအနေများကိုမူ တိုင်ကြားသူ ထံသို့ စနစ်တကျ အကြောင်းကြားပေးပို့ခြင်းမရှိပေ။ အငြင်းပွားမှုဖြစ်စဉ်အများ အပြားတွင် (အမှုစုစုပေါင်း၏ ၅၂%ခန့်) လယ်သမားများသည် ၎င်းတို့၏မြေယာပြဿနာများ ကို ကော်မတီအသီးသီးသို့ တစ်ပြိုင်နက် ပေးပို့တိုင်တန်းတတ်ကြကြောင်းကို Namati မှ ပြုစုထားသည့် မြေယာမှုခင်းဆိုင်ရာ အချက်အလက်များအရ လေ့လာတွေ့ရှိရသည်။ ထိုကဲ့သို့ တိုင်စာများဖောင်းပွနေခြင်းကြောင့် ကော်မတီများအနေဖြင့်လည်း မလိုအပ်ပါဘဲနှင့် အလုပ်ပို လာကြရသည်။ ကော်မတီအတွင်းမှ အစိုးရမဟုတ် သည့် ကိုယ်စားလှယ်တစ်ဦးက ဆိုလျှင် "ကျွန်တော်တို့ဆီမှာက အပေါ်ကချပေးတဲ့ အမှုတွေ ရှိသလို အောက်ကတက်လာတဲ့ အမှု တွေလည်း ကိုင်တွယ်ရလေ့ရှိပါတယ်။ အမှုဖြစ်စဉ်ကို ရေးသား ထားပုံတွေက မတူညီကြတော့ တစ်ခါတလေမှာ အမှုဖြစ်စဉ်တစ်ခုလုံးကို သေသေချာချာဖတ်ကြည့် ပြီး တော့မှ အမှုတစ်ခု တည်းကို ရည်ညွှန်းထားမှန်း သိလိုက်ရ တာမျိုးလည်း ရှိဖူးတယ်" ဟု ၎င်း၏ခံစားချက်ကို ဖွင့်ဟသွား ခဲ့သည်။




ထိုကဲ့သို့ အမှုတစ်ခုတည်းအပေါ်တွင် တိုင်စာများအား အဆင့်အသီးသီးသို့ တစ်ပြိုင်နက်ပေးပို့ကြသဖြင့် အသုံးစားရိတ်နှင့် လူ့စွမ်းအားရင်းမြစ်ကိုနှစ်ဆတိုး၍ သုံးစွဲရသည်။ ဤသို့ဖြစ်လေရာ ပြန်လည် စိစစ် ရေးကော်မတီများအနေဖြင့် ယခင်ကသုံးစွဲခဲ့သည့် ယန္တရားများနှင့်မခြား မြေယာမှုခင်းဖြေ ရှင်းပေးနိုင်သည့် အနေ အထားများ နှောင့်နှေးနေရခြင်းဖြစ်သည်ဟု တစ်စိတ်တစ်ပိုင်းနားလည်နိုင်သည်။

*ကော်မတီများအနေဖြင့် သာမန်မြေယာအမှုအခင်းများကို အခြားသောအုပ်ချုပ်စီမံမှုဆိုင်ရာ ယန္တရားများသို့ လွှဲပြောင်းပေးနိုင်သည်။ သို့သော် လက်တွေ့တွင် ထိုသို့လုပ်ဆောင်ရန်အတွက် ရှင်းလင်းသောညွှန်ကြား ချက်များရှိမနေပါ။*


ကော်မတီများအနေနှင့် မြေသိမ်းမှုမဟုတ်သော အခြားမြေယာဆိုင်ရာအငြင်းပွားမှုများကို အခြားသော အဖွဲ့များသို့ လွှဲပြောင်းပေးနိုင်သလို၊ အခြားသောအဖွဲ့များမှ အမှုများလွှဲအပ်လာလျှင်လည်း ကော်မတီများမှ လက်ခံရမည်ဖြစ်သည်။ အခြားအဖွဲ့များဟုဆိုရာတွင် အခြားသောအုပ်ချုပ်စီမံမှုဆိုင်ရာအဖွဲ့များ၊ သို့မဟုတ် လွှတ်တော်ကော်မတီများကိုဆိုလိုသည်။ သို့ပေမယ့် တကယ့်လက်တွေ့ကျင့်သုံးမှုတွင်မူ ထိုသို့သော လွှဲပြောင်းမှုမျိုးမှာ ကော်မတီအဖွဲ့ဝင်အချင်းချင်းဆက်စပ်သိကျွမ်းမှုအပေါ် အခြေခံ၍သာဖြစ်ပေါ်တတ်ပြီး၊ တရားဝင်လုပ်ထားသော နည်းစဉ်မရှိပေ။ အဆင့်ဆင့်ကော်မတီများကြားမှ ကြီးကြပ်ကွက်ကဲမှုမှာလည်း အထက်အောက်သဘောသာဆောင်လေသည်။ ထို့ကြောင့် အမှုအခင်းတစ်ခုခုကိုကိုင်တွယ်ရာတွင် မည်သည့်စနစ်၊ မည်သည့်ယန္တရားက အသင့်တော်ဆုံးဖြစ်သည်ကို ဆုံးဖြတ်ဖို့ခက်ခဲတတ်ပါသည်။ မည်သည့်အမှုမျိုးကိုဖြေရှင်းရန် မည်သည့်ယန္တရားက အသင့်တော်ဆုံးဖြစ်သည်ကို ဆွေးနွေးရန်အတွက် ပြန်လည်စိစစ်ရေးကော်မတီများ၊ မြေလွတ်မြေလပ်မြေရိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့ အစည်းအဝေးထိုင်ပြီး ချိတ်ဆက်ဆောင်ရွက်သင့်သည်ဟု အချို့သောအစိုးရမဟုတ်သည့် ကိုယ်စား လှယ်များက အကြံပြုပါသည်။ ထိုသို့ဆိုလျှင် အမှုအခင်းအားလုံးကို ခြုံငြုံနိုင်မည်ဖြစ်သည်။

အချို့သော ပြန်လည်စိစစ်ရေးကော်မတီများကမူ တိုင်စာများဖောင်းပွခြင်းကို ရှောင်ရှားနိုင်ရန် အတွက် အထက်အဆင့်မှချပေးလာသည့် အမှုအခင်းများကိုသာ လက်ခံစစ်ဆေးပေးသည့်နည်းလမ်းကို အသုံးပြု တတ်ကြသည်။ သို့သော် ဤနည်းလမ်းကို အသုံးပြုသည့်အတွက်ကြောင့်လည်း ကော်မတီတစ်ရပ် အနေဖြင့် ၎င်းတို့တိုက်ရိုက်လက်ခံရရှိသည့် အမှုအခင်းများသည် အခြားအဆင့်မြင့်ကော်မတီများသို့ ပေးပို့ တိုင်တန်းထားခြင်းမရှိပါက လက်ခံစစ်ဆေးပေးခြင်းမရှိကြဘဲ စောင့်ဆိုင်းနေတတ်သော အခက်အခဲများ ပေါ်ထွက်လာပြန်သည်။ လွှတ်တော်မှဖွဲ့စည်းပေးထားသည့် ကော်မတီအသီးသီးကလည်း ၎င်းတို့ထံသို့ပေးပို့ တိုင်တန်းလာသည့် မြေယာမှုခင်းများကိုလည်း ပြန်လည်စိစစ်ရေးကော်မတီထံသို့သာ လွှဲပြောင်းပေးတတ် ကြပြန်သည်။ အမှန်တွင်မူ အဆိုပါလွှတ်တော်ကော်မတီများ၏တာဝန်မှာ လယ်သမားများ၏အခွင့်အရေး များအား ကာကွယ်ပေးရန်၊ လယ်သမား၊ အလုပ်သမားရေးရာတို့နှင့် ဆက်စပ်သည့် အစိုးရဌာနများအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ခြင်း/ဖျက်သိမ်းခြင်း/ပြဌာန်းခြင်းတို့ ဆောင်ရွက်ရန်၊ ဆက်စပ် ဥပဒေများ ကျင့်သုံးဖော်ဆောင်မှုကို လေ့လာစောင့်ကြည့်ရန်နှင့် တိုင်စာတက်လာခြင်းများအပေါ် သုံးသပ် စိစစ်ပေးရန်တို့ပင်ဖြစ်သည်။ ပြန်လည်စိစစ်ရေးကော်မတီများကို ပံ့ပိုးသည့်အနေဖြင့် Namati နှင့် မိတ်ဖက်အဖွဲ့အစည်းများက ကူညီပေးခဲ့သည့် မြေယာမှုခင်း ၁၆၀ တွင် ယခင် တိုင်ကြားထားသည့် အမှုအား သက်ဆိုင်ရာ အစိုးရဌာနများမှ လွှဲပြောင်းပေးပို့လာသည့်မြေယာမှုခင်း (၅) ခုသာ ပါဝင်သည်။ အမှု (၅၀) မှာမူ ယခင်ကတည်းက အခြား အစိုးရယန္တရားများသို့ ပေးပို့တိုင်ကြားပြီးမှ ကာယကံရှင်များ ကိုယ်တိုင်က ဤကော်မတီများသို့ ထပ်မံ၍ တိုက်ရိုက်တိုင်ကြားလာကြခြင်းဖြစ်သည်။

***ပြည်သူကိုမျက်နှာမူသည့် ပွင့်လင်းမြင်သာမှု အားနည်းခြင်းကြောင့် လူထုအနေဖြင့် သို့လောသို့လော ဖြစ်လာကြပြီး အစိုးရ မဟုတ်သည့် ကိုယ်စားလှယ်များအတွက်လည်း တာဝန်ပိုပိုလာခဲ့ရသည်။***


ယခုဖွဲ့စည်းထားသည့် ကော်မတီများအနေဖြင့် ပြန်လည်စွန့်လွှတ်သည့် သို့မဟုတ် ပြန်လည်မစွန့်လွှတ်သည့် မြေများ၏စာရင်းကို လစဉ်ထုတ်ပြန်ပေးရမည်ဖြစ်သည်။ အကြောင်းပြချက် အသေးစိတ်ကိုမူ ထည့်သွင်း ဖော်ပြနေစရာမလိုပေ။ သို့သော် လက်တွေ့တွင်မူ မြေယာမှုခင်းစစ်ဆေးမှုများ၏ တိုးတက်မှုအခြေအနေကို တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ကော်မတီအထိသို့သာ အဆင့်ဆင့်တင်ပြတတ်ကြပြီး အများပြည်သူ သို့မူ တရားဝင်ထုတ်ပြန်ပေးခြင်း မပြုကြပေ။ မြေယာအငြင်းပွားမှုတိုင်တန်းကြသူအများစုမှာ ၎င်းတို့၏ မြေများ ပြန်လည်ရရှိရေးအတွက်ကို ဆယ်စုနှစ်ပေါင်းများစွာ ကြိုးစားရုန်းကန်နေကြရပြီး ထိုအမှုအတွက် အချိန်နှင့် ငွေကြေးများရင်းနှီးမြှုပ်နှံထားကြရသည်။ ၎င်းတို့အတွက် ထိုအမှုအပြင် မည်သည့်သက်မွေး လုပ်ငန်းဖြင့် ဆက်လက်ရှင်သန်ရမည် ဆိုသည်မှာလည်း မရေရာနိုင်ကြသေးပေ။ အသစ်ဖွဲ့စည်းထားသည့် ကော်မတီများအား Namati နှင့်အတူ ချဉ်းကပ်ဖြေရှင်းနေကြသည့် လယ်သမားများအနက် ၇၀ % ကျော် အဖို့ ရယူသုံးစွဲနိုင်မည့်အခြားမြေများလည်း မရှိကြပေ။ ထို့ကြောင့် လည်း မြေယာအငြင်းပွားမှုကိစ္စ တိုင်တန်း ထားကြသည့် လယ်သမားများမှာ ၎င်းတို့၏အမှုနှင့်ပတ်သက်ပြီး တိုးတက်မှုအခြေအနေကို သိချင်ကြသည့် အလျောက် သိက္ခာမြမ်းရင်းနှီးပြီးသားဖြစ်သော ကော်မတီအတွင်းမှ အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များကိုသာ ချဉ်းကပ်မေးမြန်းတတ်ကြသည်။ ဥပဒေအထောက်အကူပြုသူများက လယ်သမားများအား ကူညီ လမ်းညွှန်ပေးလျှက်ရှိသည့် မြေယာမှုခင်းပေါင်း (၁၆၀) အနက် ၁၁%ခန့်သည် လက်ရှိအချိန်တွင် မည်သည့် အဆင့်မှာ ကိုင်တွယ်စစ်ဆေးနေသည်ကို မသိရပေ။ ဥပဒေအထောက်အကူ ပြုသူများ အနေဖြင့် အစိုးရဌာနများနှင့် ချိတ်ဆက်မှု အားနည်းသည့်ဒေသများတွင် ထိုကဲ့သို့သောအမှုများ ကို တွေ့ရတတ်သည်။ ၎င်းတို့အမှုသည်များ၏ တိုင်စာများ တိုးတက်မှုအခြေ အနေကို ကော်မတီဝင်များမှ ထုတ်ဖော်ပြောကြား ခြင်းမရှိကြသော်လည်း ဥပဒေအထောက်အကူပြုသူများမှ လိုက်လံစုံစမ်းမှုများကြောင့် သာ သိရှိကြရခြင်း ဖြစ်သည်။ ဒေသအနှံ့အပြားတွင် တွေ့ရ သည့်အခြားအချက် တစ်ခုမှာ ကော်မတီများ အတွက် သီးခြားရုံးခန်း သို့မဟုတ် ရုံးဆိုင်းဘုတ်များ မရှိကြဘဲ များသောအားဖြင့် စည်းဝေးတွေ့ဆုံမှုများကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများတွင်သာ ပြုလုပ်လေ့ရှိကြသည်။[13] ထိုသို့ အခြေအနေကြောင့် လည်း မြေယာအငြင်းပွားမှု ရင်ဆိုင်နေကြရသူများအဖို့ ၎င်းတို့၏အမှုအခင်းများကို တင်ပြရန် သို့မဟုတ် ကော်မတီများသို့ တင်ပြထားသည့် ၎င်းတို့တိုင်စာများ၏ တိုးတက်မှုအခြေအနေကို စုံစမ်းနိုင်ရန်အတွက် အစိုးရ မဟုတ်သည့်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များသို့သာ ဦးစားပေးချဉ်းကပ်တတ်ကြ သည်။

[13] အချို့သောဒေသများတွင် ကော်မတီဝင်များမှ စုံစမ်းစစ်ဆေးမှုအတွက် ခရီးသွားလာရာတွင် ခရီးစရိတ်၊ တည်းခိုစရိတ်နှင့် စားစရိတ်များ ရရှိတတ် ကြသော်လည်း အချို့သောအဖွဲ့ဝင်များ (အထူးသဖြင့် အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များ)မှာမူ စုံစမ်းစစ်ဆေးမှုခရီးစဉ်များအတွက် မည်သည့် ခရီးစရိတ်ကိုမျှ ပံ့ပိုးမှုမရရှိကြပေ။ အစည်းအဝေးကျင်းပမှုနှင့် မှတ်တမ်းပြုစုခြင်းတို့အတွက် ကုန်ကျစရိတ်ကိုမူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျခံပေးကြသည်။



တိုင်ကြားစာတစ်စောင် ရောက်ရှိသွားနိုင်သော လမ်းကြောင်းများ
အမှုစစ်ဆေးချက်ပြန်ကြားစာနှင့် အကြံပြုစာများ၏ လမ်းကြောင်း
ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့် လွှတ်တော်များမှ တိုင်ကြားစာ လက်ခံဆောင်ရွက်ရေး ကော်မတီများ မြေယာသိမ်းဆည်းမှုအမှု အဝင်များကို လက်ခံပြီး ပြန်လည်စိစစ်ရေး ကော်မတီသို့ တင်သွင်းသည်၊
တောင်သူ လယ်သမား ရေးရာ ကော်မတီ
တောင်သူ လယ်သမား နှင့် အလုပ်သမား ရေးရာ ကော်မတီ
လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ
(အမှုများပြန်လည်စိစစ်ခြင်းဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်ချက်များကို ချမှတ်ပေးသည်၊
လမ်းညွှန်ချက်ပြဋ္ဌာန်းတွင်ကျရောက် သောအမှုများကို တိုင်တွယ်ဖြေရှင်းရန်တာဝန်ရှိသည်)
တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီများ
(ရောက်ရှိလာသောအမှုများကို စိစစ်သည်၊ အငြင်းပွားမှုများကို သင့်လျော်သလို အမှုများခွဲခြမ်းသည်၊ မြေသိမ်းမှုဆိုင်ရာ ခရိုင်အဆင့်သို့ လွှဲပြောင်းပေးသည်)
တိုင်ကြားစာ
ခရိုင်အဆင့်ကော်မတီများ
(အပေါ်နှင့်အောက်ခြေအဆင့်များမှ အမှုများကို စိစစ်သည်၊
အငြင်းပွားမှုများကို သင့်လျော်သလို အမှုများခွဲခြမ်းသည်၊
မြေသိမ်းမှုဖြစ်သည့် အချို့မြေယာများကိုလည်း စစ်ဆေးရှာဖွေသည်၊
တရားဝင်မြေသိမ်းမှုမှတ်တမ်းများကို လက်ဝယ်ကိုင်ထားပြီး
ရောက်ရှိလာသောအမှုများနှင့် တိုက်ဆိုင်နိုင်သည်၊
အမှုစစ်ဆေးရန်အတွက် မြို့နယ်နှင့်ကျေးရွာအဆင့်သို့ လွှဲအပ်နိုင်သည်၊
အမှုစစ်ဆေးချက်များနှင့်မှတ်တမ်းများကိုယှဉ်တွဲသုံးသပ်၍
တိုင်းဒေသကြီး/ပြည်နယ်အဆင့်သို့ လိုအပ်သောအကြံပြုချက်များ ပေးသည်)
လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီ (အမှုများကိုပြန်လည်စိ စစ်ရေးကော်မတီသို့ လွှဲပြောင်းပေးသည်၊ ပြန်လည်စိစစ်ရေးကော မတီထံမှ မြေသိမ်းမှုဖြစ်သော အငြင်းပွားမှုအမှုများ ကို လက်ခံသည်)
မြို့နယ်/ကျေးရွာအုပ်စုအဆင့်ကော်မတီများ
(အမှုအတွက်လယ်သမားကိုအင်တာဗျူးသည်၊ ကွင်းဆင်း၍အမှုလေ့လာသည်၊
အစရာပေးဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေတွေ့ရှိချက်များနှင့်
အကြံပြုချက်များကို အထက်သို့တင်ပြသည်)
လယ်သမား/ တိုင်ကြားသူ
အမှုစစ်ဆေးချက်ပြန်ကြားစာနှင့် အကြံပြုချက်

***သီးသန့်ချထားပေးသည့်ရင်းမြစ်များ ရှိမထားခြင်းကြောင့် ကော်မတီများအနေဖြင့် ကာလသတ်မှတ်ချက်များကို ပြည့်မီနိုင်ခြင်းမရှိကြပေ။*** Namati မှ ကောက်ယူထားသည့် အချက်အလက်များအရ ၂၀၁၆ ခုနှစ် မေလ မတိုင်မီက ဖြေရှင်းပေးနိုင်ခဲ့သော အမှုများအတွက် ပျမ်းမျှအားဖြင့် ရက်ပေါင်း ၁၈၀ ကြာမြင့်တတ်ပြီး ပြန်လည်စိစစ်ရေးကော်မတီမှ ဖြေရှင်းပေးနိုင်ခဲ့သည့် တိုင်စာများအတွက်မူ လုပ်ငန်းဆောင်ရွက်မှု ကြာမြင့်ချိန်မှာ ပျမ်းမျှ ရက်ပေါင်း ၂၁၀ ရှိတတ်သည်။ မဖြေရှင်းရသေးသော မှုခင်းများဖွင့်လှစ်စစ်ဆေး နိုင်ရေးအတွက်ကိုမူ ရက်ပေါင်း ၂၃၀ ခန့် ကြာမြင့်တတ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အသစ်ဖွဲ့စည်းထားသည့် ယန္တရားများ အနေဖြင့် သင်ယူလေ့လာဆဲ အခြေအနေတွင်သာ ရှိနေခြင်းကြောင့် ဖြစ်ပြီး စုံစမ်းစစ်ဆေးခြင်းမှသည် ဖြေရှင်းရေး အဆင့်ထိကိုမူ အချိန်နှစ်လခန့်သာ ကြာမြင့်တတ်သည်။[14] အစိုးရအနေဖြင့်လည်း တိုင်စာတင်ပြလာသူများအား စုံစမ်းစစ်ဆေးချိန် မည်မျှကြာမြင့်နိုင်မည်ကို ကြိုတင် ပြောပြထားခြင်း မရှိသည့်အလျောက် တိုင်တန်းသူများအနေဖြင့် ၎င်းတို့၏တိုင်စာများ လမ်းခုလတ်တွင် ပျောက်ဆုံး သွားလောက်ပြီဟု စိုးရိမ်ပူပန်တတ်ကြသည်။ ထို့ကြောင့်တိုင်စာများကို ထပ်ခါထပ်ခါတင်ခြင်း သို့မဟုတ် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ သတင်းအချက်အလက်များစုံစမ်းခြင်းတို့ ပြုလုပ်လာကြသည်။ အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များ အနေဖြင့်လည်း ကော်မတီ နှင့် မြေယာ မြေယာအငြင်းပွားမှု ဖြစ်နေသည့်လယ်သမားများအကြားတွင် ကြားဝင်အောင်သွယ်ပေးသူများ ဖြစ်လာကြသည်။




[14] အဖွဲ့အစည်းအတွင်း မပြည့်စုံမှုများကြောင့် စုံစမ်းစစ်ဆေးမှုများနှောင့်နှေးနေသည်၊ အမှုတစ်ခုတည်းကိုပဲ ကော်မတီအသီးသီးသို့ တစ်ပြိုင်နက်တင်ပြနေရခြင်းတို့ ဖြစ်ပေါ်လာသည်ဟု မဆိုလိုပါ။ ဥပမာ ပြန်လည်စိစစ်ရေးကော်မတီသို့ တပ်မတော်သားကိုယ်စားလှယ်များတက်ရောက်မှုမရှိခြင်း၊ အချို့အမှုများအား စုံစမ်းစစ်ဆေးရာတွင်လည်း လိုက်ပါဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် တပ်မှသိမ်းယူထားသည့်မြေယာမှုခင်းများမှာ ရှေ့မတိုးနိုင်ကြခြင်းမျိုးလည်း ရှိပါသည်။

ဥပမာအားဖြင့် ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ်ကော်မတီတစ်ခုသည် ကျေးရွာအုပ်စုကော်မတီအား စုံစမ်းစစ်ဆေးမှုတစ်ခုဆောင်ရွက်ပြီး သီတင်းနှစ်ပါတ်အတွင်း ပြန်လည်တင်ပြရန် တာဝန်ပေးအပ်လိုက်သည်။ သို့သော် လက်တွေ့တွင်မူ ထိုသို့ဆောင်ရွက်နိုင်ရန်မလွယ်ကူလှပေ။ အဘယ်ကြောင့်ဆိုသော် (က) ကော်မတီဝင်များမှာ ကော်မတီလုပ်ငန်းကိုသာမကဘဲ အခြားဝေယျာဝစ္စများရှိနေကြသည်၊ (ခ) သတ်မှတ်ပေးထားသော အချိန်ကာလသည် စုံစမ်းစစ်ဆေးမှုတစ်ခုဆောင်ရွက်ရန် မလုံလောက်ပေ၊ (ဂ) စုံစမ်းစစ်ဆေးမှုများ ပြီးဆုံးသွားသည့်တိုင် အစီရင်ခံစာအားစာစီရန် ကွန်ပျူတာမရှိသေးသဖြင့် ရက်ပေါင်းများစွာ ထပ်မံ၍ စောင့်ဆိုင်းရခြင်းကဲ့သို့ အရင်းမြစ်မလုံလောက်သည့် ပြဿနာက လည်း ရှိသေးသည်၊ (ဃ) ကွန်ပျူတာစာစီပြီး သွားသည့်အခါ ကော်မတီဝင်များ ရုံးသို့နောက်တစ်ကြိမ်လာရောက်ပြီး အစီရင်ခံစာတွင် လက်မှတ်ရေးထိုး ရပြန်သည်။ မြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရခြင်းသည် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များ သာမက အစိုးရကိုယ်စားလှယ်များအတွက်ကိုပါ ဝန်ပိစေသည့်လုပ်ငန်းတာဝန်များ ပင်ဖြစ်သည်။ ကော်မတီအစည်းအဝေးများတွင် လူစုံတက်စုံရောက်ရှိရေးမှာလည်း မဖြစ်နိုင်သောကြောင့် ၇၅% တက်ရောက်ပါက လုံလောက်သည်ဟုပင် မှတ်ယူထားကြရသည်။

## ၄။ ကော်မတီအနေဖြင့် တရားမျှတမှုရှိစေရေးအတွက် ဘက်စုံခြုံငုံမိသောအကြံပြုချက်များ ချမှတ်ရာတွင် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များက အကြောင်းအရာနှင့်ဒေသအခြေအနေကို သိကျွမ်းသူများအဖြစ် မြေယာမူဝါဒ၊ ရာဇဝင်နောက်ကြောင်း စသည့်တို့နှင့်ပတ်သက်ပြီး အကြံပေးဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် မြေယာစီမံခန့်ခွဲမှုအတွက် လက်ရှိကျင့်သုံးနေသည့် ဥပဒေပေါင်းမှာ ၇၅ ကျော်ပေသည်။[15] ထို့အပြင် လောလောဆည် စိစစ်သုံးသပ်နေသည့် မြေယာမှုခင်းများအဖို့ အရေးပါနေသေးသည့် ဖျက်သိမ်းထားပြီးဥပဒေများလည်း အမြောက်အမြားရှိနေပြန်သည်။ မြေသိမ်းခံရသည့်အမှုများအား ဖြေရှင်းပေးနိုင်ရေးအတွက် ဗဟိုကော်မတီမှချမှတ်ပေးထားသော လမ်းညွှန်မူဝါဒ ၅ ရပ်၊ တပ်မတော်မှ သိမ်းယူထားခဲ့သော မြေယာမှုများအတွက် မူဝါဒ ၃ ရပ်၊ မြေယာမှုခင်းများ စုံစမ်းစစ်ဆေးရေးနှင့်[16] စွန့်လွှတ်မြေများအား သက်ဆိုင်ရာပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးရေးအတွက် လုပ်ငန်းစဉ် ၈ ရပ်တို့လည်း ရှိနေသည်။[17]

---

[15] Leckie, S. နှင့် E. Simperingham (2009) တို့၏ "မြန်မာနိုင်ငံရှိ အိမ်ရာ၊ မြေယာနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအခွင့်အရေးများ" စာစဉ် (၈)။ ဂျီနီဗာ - နေရပ်ရွှေ့ပြောင်းခံရသူများနှင့် HLP ဖွဲ့စည်းမှု။ မြေယာဥပဒေများဖောင်းပွနေခြင်းကြောင့် လစ်ဟာမှုများနှင့် ပြဿနာများအကြောင်းကို အသေးစိတ်သိရှိလိုပါက သာဓကများအဖြစ် ၂၀၁၅ ခုနှစ် မေလတွင် Siusue Mark ပြုစုရေးသားထားသည့် "တရားမျှတမှုဖော်ဆောင်ရေးအတွက် အတားအဆီးများလွန်းနေပါသလား။ မြန်မာနိုင်ငံရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် မြေယာပိုင်ဆိုင်ခွင့်ရရှိရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သို့မဟုတ် ၂၀၁၆ ခုနှစ် ဇွန်လတွင် Pierce နှင့် Soe တို့ ရေးသားပြုစုခဲ့သည့် "မြန်မာနိုင်ငံရှိလယ်သမားများအတွက် မြေယာပိုင်ဆိုင်ခွင့်နှင့် တရားမျှတမှုဖော်ဆောင်နိုင်ရေးအတွက် အဖွဲ့အစည်းများ ခိုင်မာစေခြင်း" ကို လေ့လာကြည့်ပါ။

[16] ၂၀၁၆ ခုနှစ် ဇွန်(၁၀)နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် မြေယာသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ အမိန့်ကြေငြာစာအမှတ် ၆၁/၁-ကော်မတီ-မြေ (ဗဟို)။ ၂၀၁၇ ခုနှစ် ဧပြီတွင် ဗဟိုကော်မတီသည် လျော်ကြေးပေးခြင်း၊ ပြန်လည်လွှဲပြောင်းပေးခြင်းတို့အတွက် ဆုံးဖြတ်ရမည့်ပုံစံများနှင့် အမှုများအား ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်းတို့အတွက် အောက်ခြေအဆင့် ကော်မတီများမှ လိုက်နာနိုင်ရန် ဖြည့်စွက်လမ်းညွှန်ချက် (၈) ရပ်ကို ဌာနတွင်းညွှန်ကြားချက်အဖြစ် ထုတ်ပြန်ပေးခဲ့သည်။

[17] ၂၀၁၆ ခုနှစ် ဇွန်(၁၀)နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် မြေယာသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ အမိန့်ကြေငြာစာအမှတ် ၆၁/၁-ကော်မတီ-မြေ (ဗဟို)/၂၀၁၆။

*စုံစမ်းစစ်ဆေးမှုထက် ဆုံးဖြတ်ချက်ချမှတ်ခြင်းက အဓိကပြဿနာဖြစ်သည်။*

၂၀၁၆ ခုနှစ် မေလမှစတင်၍ Namati မှ ကူညီပံ့ပိုးပေးခဲ့သည့် မြေယာမှုခင်းများတွင် တပ်မတော်မှသိမ်းယူမှု တစ်ခု ပါဝင်သည့် (၆၁) မှု၊ အစိုးရမှသိမ်းယူမှုတစ်ခုပါဝင်သည့် (၄၀) မှု၊ ကုမ္ပဏီမှသိမ်းယူမှုတစ်ခုပါဝင်သည့် (၂၁) မှု နှင့် တစ်သီး ပုဂ္ဂလအမှုများပါဝင်သည့် (၁၁) မှု ရှိပေသည်။

၎င်းတို့အနက် ၅၀% ကျော်မှာ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည် (အစိုးရပါဝင်ပတ်သက်သည့် အမှုများ အနက် ၇၅% နှင့် တပ်မတော်ပါဝင်ပတ်သက်သည့်အမှုများ၏ ၆၀% ဖြစ်သည်)။ ကော်မတီများသို့ တိုင်ကြားစာ ရောက်ရှိချိန်မှ လက်တွေ့စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ချိန်အထိ ပျမ်းမျှအားဖြင့် လေးလ လေးလခန့်ကြာမြင့် တတ်ကြောင်းတွေ့ရသည်။ သို့သော် သိမ်းထားသည့်မြေများ ပြန်လ ပြန်လည်စွန့်လွှတ်ခြင်း၊ ပြန်လည်လွှဲ ပြောင်း ပေးအပ် ခြင်း၊ လျော်ကြေးပေးခြင်း သို့မဟုတ် တိုင်တန်းသူအား မည်သည့်အရာမျှရရှိမည်မဟုတ်ဟု အကြောင်းပြန် ပေးခြင်း စသည့်နည်းလမ်းများဖြင့် ဖြေရှင် ဖြေရှင်းပေးနိုင်ခဲ့သည့်ပမာဏမှာ ၅%အောက်တွင်သာ ရှိပေသည်။ (မည်သို့ဆိုစေ ဤပျမ်းမျှပမာဏများသည် ပုံမှန်မှုခင်းအရေအတွက်များထက် ပိုမိုမြင့်မားနေရခြင်း မှာ လေ့ကျင့် သင်ကြား ပေးထားသည့် ဥပဒေအထောက် အကူပြုသူများမှ ဝင်ရောက်ကူညီပေးရခြင်းကြောင့် ဆိုသော အချက်မှာမူ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။)

ယခုကဲ့သို့ဖြစ်ရခြင်းအတွက် အကြောင်းပြချက်အနေဖြင့် အချက်(၄)ချက်ရှိနိုင်ပါသည်။ ၁) စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ပြီးဖြစ်သော်လည်း ဆုံးဖြတ်ချက်ချမှတ်မည့်အဆင့် (တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့်အထက်)တွင် လူ့စွမ်းအားရင်းမြစ်များ နည်းပါးနေခြင်း၊ ၂) စုံစမ်းစစ်ဆေးမှုရလဒ်များမှာ ဆုံးဖြတ်ချက်ချမှတ်နိုင်လောက်အောင် မပြည့်စုံခြင်း၊ ၃) ချမှတ်ပေးထားသောလမ်းညွှန်ချက်များမှာ ဆုံးဖြတ်ချက်ချမှတ်နိုင်လောက်အောင် ပြတ်သား ရှင်းလင်းမှုမရှိခြင်း သို့မဟုတ် ၄) အများပြည်သူမှ အမြင်မကြည်လင်နိုင်သော သို့မဟုတ် အစိုးရ/တပ်မတော်နှင့် ပဋိ ပက္ခ ဖြစ်ပွားလာနိုင်သော ဆုံးဖြတ်ချက်များကို အဆင့်မြင့်အရာရှိများက တာဝန်ခံ၍ မချမှတ်လိုခြင်း စသည့်အချက် များပင်ဖြစ်သည်။

မြေယာအငြင်းပွားမှုများအား သုံးသပ်မည်ဆိုပါက ဥပဒေ၏ရေးသားချက်များကိုသာမက လက်တွေ့တွင် မည်သို့လက်ခံကျင့်သုံးနေကြသည်ကိုလည်း နားလည်သဘောပေါက်ထားဖို့လိုပါသည်။ မြေစာရင်း ဦးစီး ဌာနဝန်ထမ်းများမှလွဲလျှင် ကော်မတီအတွင်းမှ အခြားသော အစိုးရအဖွဲ့ဝင်များသည် မြေယာဥပဒေများ အထူးသဖြင့် သမိုင်းတစ်လျှောက်တွင် အဆိုပါဥပဒေများအား မည်သို့အသုံးချခဲ့သည်ဆိုသောအချက်များကို သဘောပေါက်နားလည်ထားခြင်းမရှိကြပေ။ ဥပမာ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ မှာ ပြည်သူကိုတာဝန်ခံရသည့်အလျောက် ကော်မတီလုပ်ငန်းစဉ်များအား ကူညီပံ့ပိုးသွားရမည့်တာဝန် ရှိနေ ပါသည်။ သို့သော် ကော်မတီများအတွင်းမှ တောင်းသူလယ်သမားရေးရာ ရပ်ဖက်လူမှုကိုယ်စားလှယ်များ သည် မြေယာပြဿနာများအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် ဥပဒေရေးဆိုင်ရာ လေ့လာဆည်းပူးစရာ အမြောက်အမြားရှိနေသေးကြောင်းကို သဘောပေါက်နားလည်လာကြသည်။

***အချို့သော အဖွဲ့ဝင်များသည် ၎င်းတို့၏ပုံမှန်လုပ်ငန်းတာဝန်များကလည်း ရှိနေကြသေးသဖြင့် မြေယာမှုခင်း ကိစ္စရပ်များအပေါ် အာရုံမထားနိုင်ကြပေ။*** ထို့ကြောင့်လည်း အမှုတစ်ခုအား သဘောပေါက်နားလည်နိုင်စေ ရန်အတွက် အချိန်အလုံအလောက်ပေးထားနိုင်ရန် သို့မဟုတ် သတင်းအချက်အလက်များ တောင်းခံရန် မလွယ်ကူတော့ပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ပေးအပ်ထား

သည့် လုပ်ငန်းတာဝန်များကို ပင်မလုပ်ငန်းကြီး (၄)ခုအဖြစ် ခွဲခြားထားနိုင်ပါသည်။ ၎င်းတို့မှာ ပြည်ထောင်စုအစိုးရ နိုင်ငံတော်သမ္မတရုံးမှ ပေးအပ်လာသည့် တာဝန်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထား သော လုပ်ငန်းစဉ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မူလလုပ်ငန်းတာဝန်များ၊ အခြားသော ကဏ္ဍ အသီးသီးမှ လွှဲအပ်လာသည့် လုပ်ငန်းများတို့ဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိက ဦးတည်ချက်များမှာ တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်၊ ရပ်ရွာအေးချမ်းရေး နှင့်တည်ငြိမ်ရေးကို မြှမြှင့်တင် ရ န်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအား ကြီးကြပ်ကွပ်ကဲရန်နှင့် ပြည်သူ့ အကျိုးကို သယ်ပိုးရွက်ဆောင်ရန် တို့ပင် ဖြစ်သည်။ မြေယာစီမံခန့်ခွဲမှုဆိုသည်မှာ ဌာန၏ ပင်မတာဝန်များ အနက်မှ တစ်ခုသာ ဖြစ်သည်။ ၂ ၀၁၂ ခုနှစ်လယ်ယာမြေဥပဒေ အတည်ပြုပြဌာန်းပြီးချိန်မှ စ၍သာမန်မြေယာ အငြင်းပွားမှုများ အား လယ်ယာမြေစီမံခန့် ခွဲမှု ယန္တရားမှတစ်ဆင့်ပဋိပက္ခဖြေရှင်းမှုများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန သည် အရေးပါသည့်အခန်းကဏ္ဍမှ ပတ်သက် ပါဝင်လာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အသစ်ထပ်မံ ဖွဲ့စည်းလိုက်သော ပြည်လည်စိစစ်ရေး ကော်မတီကြောင့် လုပ်ငန်းတာဝန်များ ပိုများလာခဲ့သော်လည်း ထို့အတွက် အရင်းအမြစ်ဖြည့်ဆည်းပံ့ပိုးထားခြင်းတော့မရှိပေ။ ထို့အပြင် မြေယာမှုခင်းများ သည် ရှုပ်ထွေးနက်နဲလွန်းပြီး လက်တွေ့မဆန်သည့်အချိန်သတ်မှတ်ချက်များ အတွင်း ပြီးပြတ်အောင်ဖြေရှင်း ရမည်ဟူသော ဖိအားများ ကလည်းရှိနေပြန်သည်။ လွှတ်တော်ကိုယ်စားလှယ်များဆိုလျှင် လည်း ကျေးရွာ အုပ်စုအဆင့်နှင့် မြို့နယ် အဆင့် ကော်မတီ အစည်းအဝေးများကို ပုံမှန်တက်ရောက်နိုင်ကြ ခြင်း မရှိပေ။

***ကော်မတီများအတွက် မှုခင်းများအား မည်သို့အကဲဖြတ်သုံးသပ်ရမည်ဆိုသည်ကို လမ်းညွှန်မှုအပြည့်အဝမပေးထားသဖြင့် ဒေသခံ မြေယာကိစ္စကျွမ်းကျင်ပညာရှင်များသည် အရေးကြီးကဏ္ဍမှ ပါဝင်နေပေသည်။***

ဗဟိုအဆင့်မှ လမ်းညွှန်ချက်များသည် ယခင်ကထက် တိုးတက်လာခဲ့သည်ဟု တွေ့ဆုံမေးမြန်းမှုများ အရ လေ့လာသိရှိခဲ့ရပါသည်။ သို့ရာတွင် မြေယာအမှုတိုင်း၌ သိမ်မွေ့ရှုပ်ထွေးမှုများရှိနေတတ်သဖြင့် ကော်မတီအဖွဲ့ဝင်များအကြား ဘုံသဘောတူညီချက်ရရှိနိုင်ရန် မလွယ်ကူလှပေ။ ဥပမာ မြေသိမ်းယူထားသည့် အဖွဲ့အအစည်းများအနေဖြင့် မြေကို အကြောင်းပြချက်တစ်ခုခုဖြင့် ဆက်လက်ထိန်းသိမ်းထားနိုင်ကြောင်းကို လမ်းညွှန်ချက်တွင် ထည့်သွင်းညွှန်ကြားထားခြင်းမရှိသော်လည်း ဆက်လက် ထိန်းသိမ်းထားလိုသည့်ဝန်ကြီးဌာနနှင့် တပ်မတော်တို့ကမူ အဆိုပါမြေကို "အနာဂါတ် စီမံကိန်းများ" အတွက် အသုံးပြုရန်စီမံထားခြင်းကြောင့် ဆက်လက်ထိန်းသိမ်းထားရပါမည်ဟု ဆင်ခြေပေးတတ်ကြသည်။ အစိုးရ မဟုတ်သည့်ကိုယ်စားလှယ်များအနက်မှ အထူးချွန်ဆုံးပုဂ္ဂိုလ်များသည် ၎င်းတို့၏အသက်မွေးလုပ်ငန်း အဖြစ်မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများ၌ လုပ်ကိုင်ခဲ့ကြသူများ ဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက်မြေယာဥပဒေများနှင့် လက်တွေ့ကျင့်သုံးမှုများ မည်သို့ပြောင်းလဲ ခဲ့ကြသည်ကိုလည်း လေ့လာသိရှိထားကြသူများလည်းဖြစ်သည်။ ထို့ထက်ပို၍ အရေးကြီးသည်မှာ ၎င်းတို့သည် ဥပဒေပြောင်းလဲမှုများကိုသာမကဘဲ လယ်သမားတို့၏ ပကတိဖြစ်ရပ်မှန်များကိုလည်း နောကျေထားကြသည်ပင်။ ဥပမာ လယ်သမားတစ်ဦးအနေဖြင့် မြေယာပိုင်ဆိုင်မှုအထောက်အထားအဖြစ် အခွန်ပြေစာ သို့မဟုတ် အခြားစာရွက်စာတမ်းများ မည်သည့်အတွက်ကြောင့် မတင်ပြနိုင်ရသည်ကိုလည်း ၎င်းတို့က သိထားသည်။ ထို့အပြင် အခြားသော မြေယာကျွမ်းကျင်သူပညာရှင်များနှင့်လည်း ကွန်ရက်တည်ဆောက်ထားကြသည့် အပြင်လယ်သမားသမဂ္ဂများနှင့်လည်းချိတ်ဆက်ထားကြသဖြင့် လိုအပ်ပါကဘာသာရပ်အလိုက်နည်း ပညာများကိုရယူတောင်းခံနိုင်ကြသေးသည်။လမ်းညွှန်ချက်များရှင်းလင်းပြတ်သားမှုမရှိခြင်းကြောင့် အောက်ခြေအဆင့် ကော်မတီများအနေဖြင့်အကဲဆတ်သည့်မြေယာမှုခင်းများတွင်ဗဟိုအဆင့်သို့သာ လွှဲပြောင်း ပေး

လာကြသည်။[18] တစ်နည်းအားဖြင့် ထိုသို့လွှဲပြောင်း ပေးနိုင်ရန်အတွက်လမ်းညွှန်ချက်များ ရှင်းလင်း ပြတ်သားမှုမရှိခြင်းကို ဆင်ခြေအဖြစ်အသုံးချ လာခြင်းဖြစ်သည်။

*ဒေသခံလူထုတို့အနေဖြင့် နှစ် (၂၀)ခန့် ကြိုးပမ်းလာခဲ့ရမှုများသည် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များကြောင့် ခြေတစ်လှမ်းပိုမိုနီးစပ်လာခဲ့သည်။*

၁၉၉၇ ခုနှစ်တွင် စိုက်ပျိုးရေးဝန်ကြီးဌာနမှသိမ်းယူခဲ့သော စုစုပေါင်းမြေယာ ၅၂၉၁ ဧကတွင် ပြည်မြို့နယ်မှ ဦးကျော်လွင်နှင့် လယ်သမား ၈၁ ဦးတို့၏ စိုက်ပျိုးမြေများ ပါဝင်သွားခဲ့သည်။ လက်ဆင့်ကမ်းလွှဲပြောင်းမှုများ၊ ဖက်စပ်လုပ်ကိုင်မှုများကြောင့် ၎င်းတို့၏လယ်မြေများအား ထိုင်းကုမ္ပဏီတစ်ခုဖြစ်သော Delicious Food မှ ရယူထားခဲ့သည်။ ထိုအချိန်မှစ၍ အချို့သောလယ်သမားများအတွက် ထွန်ယက်စိုက်ပျိုးခွင့်ရရှိသော်ငြား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်လျှောက်ထားခွင့်များ ဆုံးရှုံးခဲ့သည်။ ဝင်ရောက်ထွန်ယက်ရန်ကြိုးပမ်းသည့် အချို့ လယ်သမားများမှာလည်း ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲဆိုခံနေရသည်။ ဦးကျော်လွင်နှင့် လယ်သမား ၈၁ ဦး တို့မှာမူ ၁၉၉၇ ခုနှစ်မှစ၍ ၎င်းတို့၏လယ်ယာမြေများအား ဝင်ရောက်သုံးစွဲပိုင်ခွင့်မရှိတော့ပါ။ ထိုအချိန် ကတည်းကစ၍ ၎င်းတို့၏မြေများ ပြန်လည်ရရှိရေးအတွက်ကိုလည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကြည့်ခဲ့ကြသည်။ ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်းက ဖွဲ့စည်းဆောင်ရွက်ခဲ့သော လွှတ်တော်မှ စုံစမ်းစစ်ဆေးရေးကော်မရှင်က အဆိုပါ မြေကို ပြန်လည်လွှဲပြောင်းပေးအပ်ရန် အကြံပြုဆုံးဖြတ်ခဲ့သော်လည်း တိကျသောလုပ်ငန်းစဉ်များ တစ်ခုမှ မဆောင်ရွက်ခဲ့ကြပေ။

ပြန်လည်စိစစ်ရေးကော်မတီများအား ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် စတင်ဖွဲ့စည်းလာသည့်အခါ ဦးကျော်လွင်နှင့် မိတ်ဖက်လယ်သမားများက ၎င်းတို့၏လယ်ယာမြေ ၂၉၄ ဧကအား ပြန်ရလိုမှုအတွက် ဗဟို ကော်မတီသို့ တိုင်စာတင်သွင်းခဲ့သည်။ ထို့အပြင် မိမိတို့၏အမှုအား အမြန်ဆုံးဖြေရှင်းပေးနိုင်မှု သေချာစေရေး အတွက် မြေယာအရေးဆောင်ရွက်နေသည့် ဥပဒေအထောက်အကူပြုတစ်ဦး၏ ကူညီပံ့ပိုးမှုဖြင့် အခြားအဆင့်များ သို့လည်း တိုင်စာများအပြိုင်ပေးပို့ခဲ့သည်။ ခြောက်လခန့်အကြာတွင်မူ မြို့နယ်မှ စုံစမ်းစိစစ်ရေးအဖွဲ့ နော နောက်နေ့တွင် ရောက်လာကြလိမ့်မည်ဟု ဦးကျော်လွင်တို့နေထိုင်ရာ ကျေးရွာ အုပ်စုစာရေး က ကျေးရွာအုပ်စု ပြန်လည်စိစစ်ရေး ကော်မတီအတွင်းမှ အစိုးရ မဟုတ်သည့်ကိုယ်စားလှယ်သို့ ဖုန်းဆက်ပြောကြားလာသည်။

၂၀၁၇ ခုနှစ် မတ်လ (၁၇) ရက်နေ့တွင် မြို့နယ်မှ စုံစမ်းစိစစ်ရေးအဖွဲ့ အမှန်တစ်ကယ်ရောက်ရှိလာခဲ့ပြီး လယ်သမားအချို့နှင့် တွေ့ဆုံသွားခဲ့သည်။ ကျေးရွာအုပ်စုကိုယ်စားလှယ်မှ မြေသိမ်းခံလယ်သမားများအားလုံး နှင့် တွေ့ ဆုံပေးနိုင်ရန် စီစဉ်သေးသော်လည်း စုံစမ်းစိစစ်ရေးအဖွဲ့ရောက်လာမည့်အကြောင်း ကို နောက်ကျမှသိလိုက် ရသဖြင့် လယ်သမားအနည်းငယ်သာ လာရောက်တွေ့ဆုံနိုင်ခဲ့သည်။

မြို့နယ်အဆင့် ပြန်လည်စိစစ်ရေးကော်မတီသည် အလားတူတိုင်ကြားချက်တစ်စောင်ကို ထပ်မံလက်ခံရရှိခဲ့ သဖြင့် မြေသိမ်းခံတောင်သူလယ်သမားများနှင့် Delicious Food ကုမ္ပဏီမှ ကိုယ်စားလှယ်များအား ၂၀၁၇ ခုနှစ် မတ်လ ၂၁ တွင် တွေ့ဆုံညှိနှိုင်းခဲ့သည်။ သိမ်းယူထားခဲ့သည့် ၂၉၄ ဧကအနက် ၁၅၅ ဧကအား ပြန်လည်စွန့်လွှတ်ပေးပါမည်ဟု ကုမ္ပဏီဘက်မှ ဝန်ခံကတိပြု၍ လက်မှတ်ရေးထိုးသွားခဲ့သည်။ တိုင်ကြားချက်များ ကို အဆင့်အသီးသီးတွင် တစ်ပြိုင်နက်ပေးပို့တင်ပြထားခြင်းကြောင့် မတ်လနှင့်မေလအကြားတွင် စုံစမ်းစစ်ဆေးမှုများ၊ အစီရင်ခံစာများ၊ ညွှန်ကြားချက်များ ထပ်ခါထပ်ခါ ပေးနေခဲ့ရပြီး စိစစ်မှုအားလုံး၏ တူညီသောရလဒ်မှာ အဆိုပါမြေအား ပြန်လည် လွှဲပြောင်းပေးရန်ဖြစ်သည်။

[18] ၂၀၁၆ ခုနှစ် ဇွန်(၁၀)နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် မြေယာသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၆၁/၁-ကော်မတီ-မြေ (ဗဟို)/၂၀၁၆ အရ ပေးထားသည့် အကြံပြုချက်များအပေါ်အခြေခံ၍ ဆုံးဖြတ်ရန်ခက်ခဲသည့် အမှုအခင်းများအား သုံးသပ်ရန်နှင့် ဆုံးဖြတ်ရန်အတွက် ဗဟိုအဆင့်သို့ တင်ပြ လမ်းညွှန်မှုယူရမည်ဟု ဖော်ပြထားပေးသည်။

အနှစ်နှစ်ဆယ်ကျော် ကြိုးပမ်းမှုများ မအောင်မြင်ခဲ့သော်လည်း နောက်ဆုံးတွင်မူ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းစဉ်များကြောင့် အဆိုပါလယ်သမားများအတွက် တရားမျှတမှုများ ပေါ်ပေါက်လာခဲ့သည်။

လယ်သမားများကမူ ၎င်းတို့၏အောင်မြင်မှုအတွက် ကျေးဇူးတင်ထိုက်သူမှာ ၎င်းတို့ကျေးရွာအုပ်စုအတွင်းမှ အစိုးရ မဟုတ်သည့်ကိုယ်စားလှယ်ပင်ဖြစ်သည်ဟု ဖွင့်ဟသွားကြသည်။ ကိုယ်စားလှယ်များသည် မြို့ပေါ်မှ လွှတ်တော် ကိုယ်စားလှယ်များ၊ မြေသိမ်းခံလယ်သမားများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ကာ မြေပြ မြေပြင်ရှိအခြေအနေ အမှန်များ၊ အချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိသူများ ကြားသိစေရန် ဆောင်ရွက်ရုံမျှမက မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များအားကိုးကား၍ အကြံပြုချက်များ အစီရင်ခံတင်ပြနိုင် ခဲ့သည်။

ယခုဖြစ်ပွားသည့်ဒေသအနီးအနားရှိ ကျေးရွာအုပ်စုနှစ်ခုသည်လည်း ၁၉၉၇ မြေယာသိမ်းဆည်းမှုဒဏ်ကို ခံစားခဲ့ ကြရပြီး လယ်သမားများမှာလည်း တရားမျှတမှုရရှိရေးအတွက်ကို မျှော်လင့်နေကြဆဲပင်။ ၎င်းတို့၏ အစိုးရ မဟုတ်သည့် ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း မြေသိမ်းခံလယ်သမားများနှင့် တစ်လ နှစ်ကြိမ်ခန့် တွေ့ဆုံကြပြီး အမှုအကြောင်းအား ဆွေးနွေးညှိနှိုင်းနေကြဆဲဖြစ်သည်။ သို့သော် မည်သည့် စုံစမ်းစိစစ်မှု ကိုမျှ မဆောင်ရွက်ရသေးပေ။ လယ်သမားများမှာလည်း အဆိုပါ သိမ်းယူထားသည့်မြေများအား ဝင်ရောက်သုံးစွဲ ပိုင်ခွင့် မရကြသေးပေ။

***မြေယာပိုင်ဆိုင်ခွင့်လျှောက်ထားသူများသာမက အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များသည်လည်း တောတောင်သူလယ်သမားအခွင့်အရေးများကို ဥပဒေရှုထောင့်တစ်ခုတည်းမှမဟုတ်ဘဲ ဘက်စုံမှ ရှုမြင်သုံးသပ် ပေးစေ လိုကြသည်။***


ကော်မတီများအနေဖြင့် မြေယာမှုခင်းများအား အခြားသော မြေသိမ်းဆည်းမှုနှင့်မသက်ဆိုင်သည့် မြေယာ အငြင်းပွားမှုများ ကိုင်တွယ်ဖြေရှင်းသည့်အဖွဲ့အစည်းများထံသို့လည်း လွှဲပြောင်း ပေးပို့နိုင်သကဲ့သို့ အဆိုပါ အုပ်ချုပ်ရေးအဖွဲ့အစည်းများ သို့မဟုတ် လွှတ်တော်ကော်မတီများထံမှပေးပို့လာသည့်မှုခင်းများကိုလည်း လက်ခံစစ်ဆေးနိုင်ပါသည်။ သို့သော် လက်တွေ့တွင်မူ ထိုကဲ့သို့ လုပ်ဆောင် နိုင်ရန်အတွက် လမ်းညွှန်ချက်များမှာ ရှင်းလင်းပြတ်သားမှုမရှိပေ။ လက်တွေ့တွင်မူ အမှုအခင်းများကို တရားဝင်လုပ်ထုံး လုပ်နည်းများထက် ကော်မတီအဖွဲ့ဝင်အချင်းချင်း ပုဂ္ဂိုလ်ရေးရင်းနှီးမှုများအရသာ လွှဲပြောင်းပေးတတ် ကြသည်။ ကော်မတီအဆင့်ဆင့် အကြား စီမံကြီးကြပ်မှုများမှာလည်း အထက်မှအောက် ပုံစံမျိုးဖြင့်သာ ရှိနေတတ်ရာ တစ်ခါတရံတွင် အမှုတစ်ခုအား မည်သည့်အဆင့်က အကောင်း ဆုံးဖြေရှင်းပေး နိုင်မည်ကို ပင် ဆုံးဖြတ်ရခက် နေတတ်သည်။

မြေယာမှုခင်းတစ်ခုအား စုံစမ်းစိစစ်ခြင်းနှင့် ရလဒ်တစ်ခုကို အကြံပြုတင်ပြခြင်းတို့တွင် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များအား ပါဝင်ခွင့်ပြုထားသည်မှာ ပြန်လည်စိစစ်ရေး ကော်မတီတစ်ခုတည်းသာရှိသဖြင့် မှုခင်းများကို အခြားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေး နိုင်သော်ငြား အစိုးရမဟုတ်သည့်ကိုယ်စား လှယ်များက ၎င်းမှုခင်းများကို ပြန်လည်စိစစ် ရေးကော်မတီ၏ ဖွဲ့စည်းပုံအောက်တွင်သာ စိစစ်ဖြေရှင်းပေး လိုကြသည်။ ပြန်လည်စိစစ် ရေးကော်မတီများကသာလျှင် တရားမျှတမှု ကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု လည်း ၎င်းတို့ကလက်ခံယုံကြည်ထားကြသည်။ လက်တွေ့ အနေဖြင့်လည်း ချီးမွမ်းဖွယ်အချက်တစ်ရပ်မှာ

ကော်မတီများကို မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ရမည်ဟု ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဤနည်းအားဖြင့် မြန်မာနိုင်ငံ၏ ရှုပ်ထွေးလှသော မြေရာဇဝင်ကို ပိုမိုကောင်းမွန်စွာ ရှင်းလင်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြသည်။ အထူးသဖြင့် မိမိပိုင်ဆိုင်သည့်မြေအတွက် တရားဝင်စာရွက်စာတမ်း အထောက်အထား မရှိထားကြသည့် လယ်သမားများ အတွက် ဤအချက်က အားတက်ဖွယ်ရာပင်။

တရားဝင်စာရွက်စာတမ်းအထောက်အထားမရှိထားကြသည့် မြေပြန်ရလိုသူများအတွက် တိုင်ကြားချက်များ ဖြေရှင်း ပေးရာတွင် ဤကော်မတီများ အနေဖြင့် ယခင်အဖွဲ့အစည်းများထက် ပို၍အဆင်သင့်ဖြစ်မဖြစ်ကိုမူ လက်ရှိ အချိန်တွင် ဆုံးဖြတ်၍မရနိုင် သေးပါ။ စာရွက်စာတမ်းများ တင်ပြနိုင်သူ၊ မတင်ပြနိုင်သူ စသည့် အမှုအခင်းများကို အရေအတွက် အညီအမျှ စစ်ဆေးနေ သော်ငြား အထောက်အထားရှိထားသူများအတွက်မှာမူ စုံစမ်းစစ်စစ်ချိန်သည် သုံးဆခန့် ပိုမိုမြန်ဆန်နေတတ်သည်။ ထိုအချက်မှာ ယခင်အဖွဲ့အစည်း ယန္တရားများ၌ အထောက်အထားများ အသုံးဝင်သကဲ့သို့ အတူတူပင်ဖြစ်သည်။[19]

မြေယာမှုခင်းများအားစိစစ်ဖြေရှင်းရာတွင်မတူညီသည့်လုပ်ငန်းတာဝန်များ ဖြ ဖြင့်ဆောင်ရွက်နေကြရသော ပြန်လည် စိစစ်ရေးကော်မတီ၊ မြေလွှ မြေလွှတ် မြေလ ပ် နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေစီမံ ခန့်ခွဲမှုကော်မတီ တို့အကြားတွင် ညှိနှိုင်းအစည်း အဝေးများ ကျင်းပပေးခြင်းဖြင့် အမှုအခင်းများ အားလုံးကို ကြေလည်အောင် ဖြေရှင်း ပေးနိုင်လိမ့်မည်ဟု အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များက အကြံပြုတိုက်တွန်း ထားကြသည်။ ထို့အပြင် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏ ရှုထောင့်နှင့် ကျွမ်းကျင်မှုများ ကို အခြားအဖွဲ့အစည်းများသို့လည်း ကမ်းလှမ်းလာနိုင်ပေမည်။




> "ဒီအမှုက ရှုပ်ထွေးလွန်းလို့ နားလည်ရ ခက်နေတယ်။ ခင်ဗျားတို့ ဥပဒေ အထောက်အကူပြုတွေ စုံစမ်းစစ်စစ်ပေးလို့ ရမလား"
>
> ခရိုင် အဆင့်ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ

[19] ၂၀၁၆ ဇန်နဝါရီတွင် Caitlin Pierce နှင့် ညီညီထွေးတို့ ပြုစုထားခဲ့သည့် "မြန်မာနိုင်ငံတွင် မြေယာပိုင်ဆိုင်ခွင့် ခိုင်မာရေးအတွက် အထောက်အထားရှိရုံဖြင့် မလုံလောက်သေးပါ" မူဝါဒရေးရာစာစောင်

## ၅။ ကော်မတီများတွင် ဇာတ်ရုပ်ပေါင်းစုံဖြင့် ပါဝင်ကပြနေရသည့် အစိုးရမဟုတ်သော ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍမှာ အရေးပါသည့်အလျောက် ၎င်းတို့အားရွေးချယ်မှု လုပ်ငန်းစဉ်ကမူ ပြဿနာများ ပေါ်ပေါက်စေသည်

ကော်မတီတစ်ခုချင်းစီမှာ အနည်းငယ်ကွဲလွဲနေသည့် ပုံစံများဖြင့် ဖွဲ့စည်းလာခဲ့ကြသည့်အပြင် အချိန်ကာလ သတ်မှတ်ချက်အားဖြင့်လည်း အနည်းငယ် ကွဲလွဲနေကြသည်။ မြန်မာနိုင်ငံ၏ အချို့သောဒေသများ ဥပမာ ကချင်ပြည်နယ်ဆိုလျှင် မြေယာအရေးဆောင်ရွက်နေကြသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် (ယခု ဤစာတမ်း ပြုစုနေသည့်အချိန်အထိ) ပြန်လည်စိစစ်ရေးကော်မတီ၏လုပ်ငန်းများကို သို့မဟုတ် ထိုကော်မတီများ ဖွဲ့စည်းထားပြီး ဖြစ်ကြောင်းကိုပင် မသိရှိကြသေးပေ။ သို့သော် မြစ်ကြီးနားမြို့ရှိ ကော ကော်မတီမှ အစိုးရကိုယ်စားလှယ် တစ်ဦးကမူ ၎င်းတို့ ကော်မတီ အနေဖြင့် လက်ခံရရှိခဲ့သည့် မြေယာမှုခင်း ၅၀% ကို ပြေလည် အောင်ဖြေရှင်းဆောင်ရွက် ပေးပြီး ဖြ ဖြစ်သည်ဟု ပြောကြားသွား ခဲ့သည်။ ကော်မတီများ ဖွဲ့စည်းရန် နှင့် မြေယာ မြေယာမှုခင်းများ အမြန်ဆုံး ဖြေရှင်း ရန် ဖိအားပေးမှု များရှိနေ သည်။ သို့သော် အဆိုပါ ကော်မတီများ အတွင်းမှ "တောင်သူ လယ်သမား ရေးရာလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ" သည် မည်သည့် အတွေ့အကြုံ၊ ကျွမ်းကျင်မှုများ ရှိရမည်ဆိုသော လမ်းညွှန်ချက်ကိုမူ မပေးထားကြပေ။[20] တိုင်းဒေသကြီးများတွင်လည်း အဖွဲ့ဝင်များ ရွေးချယ်ခြင်းအတွက် အရည်အချင်း သတ်မှတ်ချက်များကို မိမိတို့၏အစီအစဉ်ဖြင့် လုပ်ဆောင်ခွင့် ပြု ပြုထားသည်။ ဥပမာ စစ်ကိုင်းနှင့် ပဲခူးတိုင်း ဒေသကြီးတို့တွင် အောက်ခြေအဆင့်ကော်မတီ (ခရိုင်နှင့် မြို့နယ်) များအနေဖြင့် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များရွေးချယ်ရာတွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးရမည်ဟု ညွှန်ကြား ပေးထားသည်။ အခြားဒေသများတွင်မူ အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များသည် အမျိုးမျိုးသော နိုင်ငံရေးပါတီနောက်ခံများမှ ဖြစ်သင့်သည်ဟု ဆိုသည်။ ယေဘုယျအားဖြင့် အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များအား ရွေးချယ်ရာ တွင် အောက်ပါအတိုင်း အမျိုးအစား အုပ်စုများအဖြစ် ခွဲခြားနိုင်ပါသည် -

*အားလုံးပူးပေါင်းပါဝင်သည့် ရွေးချယ်မှုမျိုးလည်း ရှိပါသည်*

"ကော်မတီထဲမှာပါဝင်ဖို့အတွက် ရှမ်းစကားတတ်တဲ့ ကိုယ်စားလှယ် တစ်ယောက်၊ လားဟူစကားတတ်တာ တစ်ယောက်၊ အခါစကား တတ်တာတစ်ယောက် ရွေးပေးရမယ်လို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးက ပြောလာပါတယ်။ ဒါမှလည်း ဗမာစကားမတတ်တဲ့ လယ်သမား တွေအတွက် အထောက်အကူရအောင်လို့ပါ။ ကျွန်တော်တို့ရွေးချယ် လိုက်တဲ့သူက ဗမာစကားပြောတတ်၊ အခြေခံပညာ အထက်တန်း အဆင့်ရှိတော့ ရွာသူကြီးဖြစ်လာပါတယ်။ ပြီးတော့မှ ရွာသူကြီးတွေ အားလုံးစုပေါင်းပြီး ဘယ်အုပ်စုအတွက် ဘယ်သူက ကိုယ်စားလှယ် ဖြစ်သင့်တယ်ဆိုတာကို ဝိုင်းပြီးဆုံးဖြတ်လိုက်ကြတာပါ"

ရှမ်းစကား ပြောသူများအတွက် ကျေးရွာအုပ်စုကိုယ်စားလှယ်

[20] ပြန်လည်စိစစ်ရေးကော်မတီများဖွဲ့စည်းခြင်းအတွက် အမိန့်ကြော်ငြာစာထွက်ရှိလာပြီးသည့်နောက်တွင် မြေယာသိမ်းဆည်းမှုများအားလုံးကို ကော်မတီစတင်ဖွဲ့စည်းသည့် ၂၀၁၆ မေလမှစ၍ ၆ လအတွင်း ဖြေရှင်းပြီးဖြစ်ရမည်ဟု ကြေငြာချက်တစ်ရပ် ထပ်မံထွက်ရှိလာခဲ့သည်။ ၂၀၁၆ ခုနှစ် မေ (၅) ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၆။

*(က) လွှတ်တော်ကိုယ်စားလှယ်မှ တောင်းဆိုခြင်း* - ကော်မတီများတွင် ဝင်ရောက်ထမ်းဆောင်ရန် လွှတ်တော်ကိုယ်စားလှယ်များမှ တောင်းဆိုမှုကြောင့် လုပ်ခဲ့ရပါသည်ဟု ကိုယ်စားလှယ် အများ အပြားက ဖြေကြားသွားကြသည်။ ၎င်းတို့အနက် အချို့မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှဖြစ်ပြီး အချို့ကမူ နိုင်ငံရေးပါတီဝင်များ ဖြစ်ကြသည်။

*(ခ) အကျိုးစီးပွားသက်ဆိုင်သူများ၏ လွှမ်းမိုးမှုများ* - ကော်မတီအများအပြား၏ ပြောပြချက်များ အရ "တောင်သူလယ်သမား ရေးရာလူမှုအဖွဲ့အစည်းကိုယ်စားလှယ်" ဟူသောနေရာကို မြေယာသိမ်းဆည်းမှု ဆောင်ရွက်ခဲ့ဖူးကြသည့် စီးပွားရေးလုပ်ငန်းရှင်များ သို့မဟုတ် ဒေသခံအငြိမ်းစားအရာရှိများဖြင့် ဖြည့်ဖြည့်တင်းခဲ့ကြကြောင်း သိရှိရပါသည်။ အကျိုးစီးပွားဆက်စပ်နေမှုများက အထင်အရှားပင်။ အချို့သောဖြစ်ရပ်များတွင် အရည်အချင်းပြည့်မီသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များကို တမင်ရည်ရွယ်၍ဖယ်ထားရစ်ခဲ့ ကြသည်လည်းရှိသည်။ ဥပမာအားဖြင့် ရှမ်းအရှေ့ဒေသရှိ အများကြည်ညို လေးစားသော အရပ်ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်တစ်ဦးသည် လယ်သမားများနှင့် တွဲဖက်၍ မြေယာ အခွင့်အရေးကိစ္စရပ်များကို ငါးနှစ်ကျော် လုပ်ကိုင်လာခဲ့သည့် အတွေ့အကြုံအပြင် မြန်မာစကားသာမက အခြားသော ဒေသခံဘာသာ စကားအမျိုးမျိုးကိုလည်း ကျွမ်းကျင်သဖြင့် ကော်မတီတွင် တာဝန်ထမ်း ဆောင်စေရန် မြို့နယ်အုပ်ချုပ်ရေးမှူးမှ အဆိုတင်သွင်းပေးခဲ့သည်။ သို့သော် ၎င်း၏အဆိုတင်သွင်းမှုကို ခရိုင်မှ ပယ်ချခဲ့ပြီး ရှမ်းယဉ်ကျေးမှု အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးအား မြေယာ အတွေ့အကြုံများ မရှိသည့်တိုင် ကော်မတီတွင် တာဝန်ပေးခန့်အပ် ခဲ့သည်။

*(ဂ) ကိုယ်တိုင်မှ အဆိုတင်သွင်းခြင်း* - လယ်သမားများနှင့်တွဲဖက်၍ မြေ မြေကိစ္စ ဆောင်ရွက်မှု အတွေ့အကြုံ အများ အပြားရှိထားကြသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အချို့ကမူ ကော်မတီတွင် ပါဝင်နိုင်ရန် ထွေ/အုပ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ထံ အဆိုပြုတင်ပြကြပြီး ခန့်အပ်ခံရခြင်း မျိုးလည်း ရှိပါသည်။

> "မြို့နယ်အဆင့်ကော်မတီမှာ ကျွန်တော်ပါတယ်လို့ NLD လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌက ၂၀၁၆ ခုနှစ် ဩဂုတ် (၂၀) ရက်နေ့မှာ အကြောင်းကြားလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကလည်း ဒီအတိုင်းပဲ ဖုန်းဆက်ပြီးအကြောင်းကြားလာတယ်။ အဲဒီမတိုင်ခင် ငါးရက်လောက်ကလည်း ကျွန်တော့်နာမည်ကို ခရိုင် ဒါမှမဟုတ် မြို့နယ်ကော်မတီမှာ အဆိုပြုထားတယ်လို့ ၈၈ မျိုးဆက်အဖွဲ့က ပြောထားပါသေးတယ်။ ကျေးရွာအုပ်စုအဆင့် ကော်မတီတွေကို ၂၀၁၆ စက်တင်ဘာမှာ ဖွဲ့စည်းလိုက်တာကိုလည်းသတိထားမိတယ်။ ကျေးရွာအုပ်စုအဆင့် CSO ကိုယ်စားလှယ် ရွေးချယ်တဲ့အခါမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကို ခေါ်ပြီး အမည်စာရင်းတွေ အဆိုပြုခိုင်းပါတယ်။ တင်သွင်းလာတဲ့ ကိုယ်စားလှယ်တွေက အစစ်အမှန်မဟုတ်နိုင်ဘူးလို့ မြို့နယ်ကိုယ် စားလှယ်ကယူဆရင် ပြန်ပြီးစိစစ်ပါလို့ တာဝန်ပေးလာပါတယ်။ ဒါပေမယ့် ရွာတိုင်းက လူတိုင်းကို ကျွန်တော်တို့မှ မသိနိုင်တာ။ ဒါကြောင့် စိစစ်ဖို့ခက်ပါတယ်" –
>
> မြို့နယ်အဆင့် ပြန်လည်စိစစ်ရေး ကော်မတီ မှ တောင်သူလယ်သမား ရေးရာအဖွဲ့အစည်း ကိုယ်စားလှယ်

ကော်မတီအတွင်း ပါဝင်ခွင့်ရသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပါဝင်ခွင့်မရသူများအကြား ဆက်နွယ်နေမှုများကမူ ပြောင်းလဲမှုများရှိနေဆဲဖြစ်ပြီး ဒေသအများစုတွင်မူ ချစ်ကြည်ရင်းနှီးမှုရှိနေဆဲဟု နှစ်ဖက်စလုံးကဆိုသည်။

# အကြံပြုတင်ပြချက်များ

*နိုင်ငံတော်အစိုးရသို့ -*

**၁။ ဤဖွဲ့စည်းမှုယန္တရားတွင် အကြံပြုချက်များထိရောက်စွာပံ့ပိုးပေးနိုင်ရန်အတွက် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များအတွက် လုပ်ပိုင်ခွင့်များကို အတိအလင်း ထည့်သွင်းရေးသား၍ အပ်နှင်းထား သင့်ပါသည်။**

*၁(က)။ လိုအပ်ချက်ကြီးမားသည့်မြို့နယ်များတွင် မြို့နယ်အဆင့်ကော်မတီများ၌ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ် နေရာအပြင် အရပ်ဖက်လူမှုအဖွဲ့များမှ မြေယာအရေး ကျွမ်းကျင်သူနေရာကိုပါ ထည့်သွင်းပါဝင်စေ သင့်ပါသည်။ အဆိုပါ မြေယာအရေးကျွမ်းကျင်သူ အနေဖြင့် မြေယာဥပဒေများအား သိကျွမ်းရင်းနှီးထားသည့် အပြင် ဒေသအတွင်းရှိ မြေသိမ်းဆည်းခံရမှု ရာဇဝင်များကို သိရှိထားရုံမက အစိုးရလုပ်ငန်းစဉ်များနှင့်လည်း ကျွမ်းဝင်ထားပြီးသား ဖြစ်ပါသည်။* တောင်သူလယ်သမားကိုယ်စားလှယ်ကမူ ဥပဒေဆိုင်ရာဗဟုသုတ နည်းပါးနိုင်သည့်အပြင် အစိုးရအရာရှိ များနှင့် အချေအတင်ပြောဆိုနိုင်ရေးအတွက်ကိုလည်း အတွေ့အကြုံ နည်းကောင်းနည်းနိုင်သည်။ သို့သော် မြေယာအငြင်းပွားမှုကိစ္စ တင်ပြတိုင်တန်းလာသူများနှင့်မူ ပို၍ရင်းနှီး ကျွမ်းဝင်နေတတ်ကြသည်။ "လိုအပ်ချက်ကြီးမားသည်" ဟူသောစကားရပ်၏ အတိုင်းအတာကို ယခင် ဖွဲ့စည်းထားခဲ့သည့် လွှတ်တော်မှ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများကို ပြန်လည်လေ့လာပြီးလျှင် မြို့နယ်တစ်ခုချင်းစီရှိ မြေယာမှုခင်း အရေအတွက်နှင့် မဖြေရှင်းရသေးသော မှုခင်းအရေအတွက် မြင့်မားမှု ပမာဏတို့ကိုအသုံးပြု၍ ဖော်ထုတ်နိုင်ပါသည်။ သို့သော် ကိန်းဂဏန်းများသည် အမှုဖြစ်စဉ်များ၏ တစ်စိတ်တစ်ပိုင်းကိုသာ ဖော်ညွှန်းတတ်ကြပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ရှိ ကော်မတီများအား ပညာရှင် တစ်ဦးမှတွေ့ဆုံပြီး "ပြဿနာအဖြစ်အများဆုံး" မြို့နယ်များအား ညွှန်းပြပေးပါဟု မေးမြန်း၍ရနိုင်သည်။ တိုင်ချက်အများဆုံး ရှိနေခြင်း၊ ဖြစ်ပွားသည့်အမှုအခင်းများမှာလည်း ဒေသခံလူထုအတွက် ကြီးမားထင်ရှားသည့် ဆိုးကျိုးများ သက်ရောက် နေခြင်းဟူသော အချက်များကိုပေါင်းစပ်အခြေခံ၍ ပြဿနာ အဖြစ်အများဆုံးမြို့နယ်ကို ရွေးချယ်နိုင်သည်။

*၁(ခ)။ ရှုပ်ထွေးနက်နဲသည့် အမှုကိစ္စများကို စုံစမ်းစိစစ်နိုင်ရန်အတွက် အစိုးရမဟုတ်သည့် ကျွမ်းကျင် ပညာရှင်များဖြင့် ဖွဲ့စည်းထားသော သီးခြားလွတ်လပ်သည့်အဖွဲ့များကို တိုင်းဒေသကြီး/ပြည်နယ်တိုင်းတွင် ဖွဲ့စည်းပေးထားသင့်သည်။* ဤအဖွဲ့သည် ကော်မတီတွင် အချိန်ပြည့်အဖွဲ့ဝင်များဖြစ်ရန်မလိုပေ။ ရှုပ်ထွေး လွန်းသည့် အမှုအခင်းများ သို့မဟုတ် ဧကပေါင်းမြောက်များစွာ သို့မဟုတ် အကျိုးထိခိုက်ခံစားခဲ့ရသူပေါင်း မြောက်များစွာရှိနေသဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီများမှ တောင်းဆိုလာသည့်အခါမှသာ စုံစမ်းစိစစ်မှုများကို ဆောင်ရွက်ရမည်။

*၁(ဂ)။ ပြန်လည်စိစစ်ရေးကော်မတီယန္တရားများနှင့် ဆက်စပ်နေသော မူဝါဒများ သို့မဟုတ် လမ်းညွှန် ချက်များ ချမှတ်သည့်အခါတွင် ဗဟိုကော်မတီအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကျွမ်းကျင်ပုဂ္ဂိုလ် များအား ချိတ်ဆက်ညှိနှိုင်းသင့်ပါသည်။* တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ အရပ်ဘက်ကိုယ်စားလှယ်များ သို့မဟုတ် ပြည်တွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းအုပ်စုများအတွင်းမှ ဦးဆောင်နေသူများကို ထည့်သွင်း ပါဝင်စေသင့်ပါသည်။

**၂။ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကော်မတီများတွင် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များအား အတွင်း ရေးမှူးအဖြစ် တာဝန်ပေးသင့်ပါသည်။** ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များအရ

ဥက္ကဋ္ဌရာထူးကိုမူ ထွေ/အုပ် အတွက် ဆက်လက်ရှိထားသင့်ပါသည်။ သို့သော် ကော်မတီ၏ထိပ်ပိုင်း ခေါင်းဆောင်နှစ်ဦး စလုံးသည် အစိုးရပိုင်းမှသာဖြစ်နေမည်ဆိုပါက အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များ၏ အသံနှင့် လွှမ်းမိုးနိုင်ခွင့်ကို ယုတ်လျော့စေပါသည်။ အထူးသဖြင့် ပဏာမအဆင့်ဖြစ်သော တိုင်ကြားချက်ကို လက်ခံစိစစ်ခြင်း ကိစ္စမျိုးတွင်ဖြစ်သည်။ ကော်မတီ၏ခေါင်းဆောင်ပိုင်းတွင် မတူကွဲပြားသည့် ရှုမြင်သုံးသပ်ချက်များ ရရှိနိုင် ရေးအတွက် ဤအချက်က အလွန်အရေးပါသည့်အပြင် နည်းပညာပိုင်းကျွမ်းကျင်သူများ အနေဖြင့်လည်း ကော်မတီအတွင်း ထုတ်ဖော်ပြောဆိုခွင့်ကိုပါ ရရှိစေမည်ဖြစ်ပါသည်။ ယခုအချိန်ထိမူ အဆိုပါရာထူးနှစ်ခုစလုံးအား အစိုးရကိုယ်စားလှယ်များကသာ ရယူထားကြသည်။ အတွင်းရေးမှူး အနေဖြင့် ကော်မတီအား ဦးဆောင်ခြင်း၊ အမှုအခင်းများအားပဏာမစိစစ်ခြင်း၊ ဥက္ကဋ္ဌနှင့် အနီးကပ်တိုင်ပင်၍ အစီရင်ခံစာများ ရေးသားပြုစုခြင်းတို့ကို တောက်လျှောက်ပါဝင်နေရပါမည်။ ထို့အပြင် ကော်မတီအဆင့် အသီးသီးအကြား ဆက်သွယ်ဆောင်ရွက်မှုများအတွက်ကိုလည်း အတွင်းရေးမှူးမှ တာဝန်ခံဆောင်ရွက် သင့်ပါသည်။

**၃။ အစိုးရမဟုတ်သည့်ကိုယ်စားလှယ်တစ်ဦး၏နေရာ လစ်လပ်သွားပါက ဦးတည်ချက်အလိုက် အရည်အချင်း သတ်မှတ်ချက်များကိုအသုံးပြု၍ အစားထိုးခန့်အပ်သင့်ပါသည်။** သက်တမ်းကိုလည်း လွှတ်တော်သက်တမ်း တစ်ခုအတိုင်းသာ သတ်မှတ်ထားသင့်ပါသည်။ အရည်အချင်းသတ်မှတ်ချက် အတွက် အကြံပြုချက်များကို နောက်ဆက်တွဲ - ၁ တွင် ဖော်ပြပေးထားပါသည်။

**၄။ ကော်မတီများအတွင်းမှ အစိုးရမဟုတ်သည့်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်များ ရယူ သုံးစွဲခွင့်ကိုလည်း မြှင့်တင်ပေးရပါမည်။** ကော်မတီအတွင်းမှ အချို့သောအဖွဲ့ဝင်များကမူ ၎င်းတို့၏ လက်ရှိ အလုပ်အကိုင်များအရ သတင်းအချက်အလက်များ ရယူသုံးစွဲခွင့် ရှိထားပြီးဖြစ်သော်ငြား ကော်မတီအဖွဲ့ဝင်များအကြား သတင်းအချက်အလက်မျှဝေမှုမှာ ယခုအချိန်အထိ ညီမျှမှုမရှိသေးပါ။ တမင်ရည်ရွယ်၍ထိန်ချန် ထားခြင်းမဟုတ်သော်ငြား သတင်းအချက်အလက်ရရှိမှု မတူညီကြသေးပေ။ သတင်းအချက်အလက်ရယူ စုဆောင်းမှုများအတွက် လမ်းညွှန်ချက်များပံ့ပိုးထားသင့်သည်။ ထိုအထဲတွင် ဒုတိယသမ္မတ၏ညွှန်ကြား ချက်များဖြစ်သော ကော်မတီအဖွဲ့ဝင်များသည် မှုခင်းနှင့်ဆက်စပ်နေသည့် သတင်းအချက်အလက်များကို အခြားအဖွဲ့ဝင်များနှင့် တစ်ပြေးညီမျှဝေသုံးစွဲရမည်၊ စိစစ်နေသောအမှုနှင့် ပတ်သက်၍ မိမိ၏မိခင်ဌာနမှပေးပို့ လာသည့် သတင်းအချက်အလက်များကိုလည်း တစ်ဦးတည်းသုံးစွဲခြင်း မပြုရဟူသော အချက်များလည်း ပါဝင်ပါသည်။

**၅။ အမှုကြီးများ (အကျိုးထိခိုက်သူလယ်သမားအရေအတွက် များပြားသော သို့မဟုတ် အငြင်းပွားသည့် မြေ ပမာဏ ၁၀၀ ဧက ကျော်သောအမှုများ) အတွက် အသေးစိတ်အစီရင်ခံစာများအပါအဝင် အမှုတစ်ခုချင်းစီအတွက် စုံစမ်းစစ်ဆေးမှုအခြေအနေများကို သုံးလတစ်ကြိမ်ထုတ်ပြန်ပေးရမည်။** တုန့်ပြန်မှုအားကောင်းသည့်အစိုးရ တစ်ရပ်အတွက် ပွင့်လင်းမြင်သာမှုရှိခြင်းသည်ပင်မအစိတ်အပိုင်း တစ်ခုဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် ယန္တရားများနှင့် အစိုးရ၏ တရားမျှတမှုဖော်ဆောင်ခြင်းတို့အပေါ် အထူးသဖြင့် ယခုကဲ့သို့သမိုင်း ခရီးကြမ်းကို ဖြတ်သန်းလာခဲ့ရသည့်ပြည်သူလူထု၏ ယုံကြည်ချက်မြင့်မား လာစေရေးအတွက်လည်း ဤအချက်များက အရေးကြီးပေသည်။ ကော်မတီများအနေဖြင့် အစီရင်ခံစာ များကို လစဉ် ထုတ်ပြန် ပေးရမည်ဟု ညွှန်ကြားချက် ရှိထားသော်လည်း အချိန်နီးကပ်လွန်း လှသဖြင့် လက်တွေ့တွင် ဖြစ်မလာခဲ့ပေ။ ကော်မတီ အဖွဲ့ဝင်များထံမှ နောက်ဆုံးရသတင်းများ စုံစမ်းနိုင်ရန်အတွက် ဆက်သွယ်ရန် အချက်အလက်များ ပါဝင်သော သတင်းစာရှင်းလင်းပွဲများ ပုံမှန်ကျင်းပပေးခြင်း သို့မဟုတ်

ကော်မတီ၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန် ပေးခြင်း စသည့် နည်းများ ဖြင့်လည်း ဤအခက်အခဲကို ဖြေရှင်းနိုင်ပါသည်။ ထုတ်ပြန်သည့် သတင်းအချက် အလက်များတွင် လည်း အောက်ပါတို့ ပါဝင်သင့်သည် -

- စိစစ်သုံးသပ်နေသည့် အမှုအရေအတွက်နှင့် ၎င်းတို့၏တိုးတက်မှုအခြေအနေများ
- သုံးလအတွင်း တိုးတက်မှုမရှိသေးသည့်အမှုများအတွက်ဆိုလျှင် တိုးတက်မှု မရှိသေးရခြင်းအတွက် အကြောင်းပြချက်များ
- မြေပြန်လည်စွန့်လွှတ်ရမည်ဟု ချမှတ်ထားသော ဆုံးဖြတ်ချက်များအတွက် လက်တွေ့အကောင်အထည်ဖော်မှုများနှင့် မည်သူ့ထံသို့ စွန့်လွှတ်လိုက်သည်ဆိုသောအချက်များ။ သို့မှသာ ကျေးရွာအုပ်စုအဆင့် အစိုးရမဟုတ်သည့်ကိုယ်စားလှယ်မှ တိုက်ဆိုင်စစ်ဆေးမှုများ လုပ်ဆောင်နိုင်ပေမည်။

ယခင် လွှတ်တော်စုံစမ်းရေးကော်မရှင်ကဲ့သို့ပင် ဗဟိုကော်မတီအနေဖြင့်လည်း နှစ်ပတ်လည်အစီရင်ခံစာကို ရေးသားထုတ်ပြန်သင့်သည်။

**၆။ မြို့နယ်အဆင့်နှင့်အထက် ကော်မတီများအတွက် ရုံးနေရာ၊ ရုံးဖွင့်ရက်နှင့် ရုံးချိန်နာရီတို့ သတ်သတ်မှတ်မှတ် ရှိထားရပါမည်။ သို့မှသာ အမှုသည်များအနေဖြင့် ၎င်းတို့၏အမှုကိစ္စများအကြောင်းကို လာရောက်စုံစမ်းနိုင်ကြပေမည်။** တင်ပြလာသည့်အမှုအခင်းများအား ကော်မတီအဖွဲ့ဝင်များ လေ့လာနိုင်ရန်၊ ရပ်ရွာလူထု/ အမှုသည်များမှ ၎င်းတို့၏အမှုကိစ္စတိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ တောင်းခံနိုင်ရန်နှင့် လိုအပ်ပါကသက်သေအထောက်အထားများ တင်သွင်းနိုင်ရန် တို့အတွက် ကော်မတီ ရုံးခန်းများကို ကော်မတီအမည်ဆိုင်းဘုတ်များဖြင့် သီးသန့်ဖွင့်လှစ်ပေးထားသင့်ပါသည်။

**၇။ စုံစမ်းစိစစ်မှုလုပ်ငန်းစဉ်များ ပိုမိုထိရောက်မြန်ဆန်စေရန်။** မရှင်းလင်းသည့်အမှုများအတွက် ကျေးရွာအုပ်စုစုံစမ်းစိစစ်ရေးအဖွဲ့က အငြင်းပွားသည့်နေရာသို့ ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးရမည်။ ကွင်းဆင်းလာရောက်မည့်အကြောင်းကိုလည်း မြေပြ န်ရလိုမှုလျှောက်ထားသူများအား သီတင်းတစ်ပါတ် ကြိုတင်၍ အကြောင်းကြားထားရမည်။ ရှင်းလင်းမှုမရှိသောအမှုကိစ္စများအတွက်ဆိုလျှင် တိုင်တန်းထားသူ များအား ကော်မတီ၏ ရှေ့မှောက်တွင် လာရောက်ထွက်ဆိုရန်အတွက်ကိုလည်း ဖိတ်ခေါ်သင့်ပါသည်။ ရှုပ်ထွေးနက်နဲသည့် အမှု ကိစ္စများဆိုပါက လက်တွေ့ကွင်းဆင်းစိစစ်မှုများတွင် တိုင်းဒေသကြီး /ပြည်နယ်အဆင့်မှ အဖွဲ့ဝင်များလည်း လိုက်ပါသင့်သည်။ ထိုအချက်ကို လမ်းညွှန်ချက်ထဲတွင်လည်း ထည့်သွင်းခွင့်ပြုထားပြီးဖြစ်ပါသည်။

**၈။ မြေပြန်ရလိုမှုတိုင်တန်းသူများအတွက် အမှုအား မည်သို့တင်သွင်းရမည်၊ တင်သွင်းပြီးနောက်ပိုင်း မည်သို့လုပ်ဆောင်ရမည်တို့ကို လမ်းညွှန်ချက်များ ပံ့ပိုးပေးထားသင့်သည်။** လက်ရှိအခြေအနေတွင်မူ ထိုကဲ့သို့သော လမ်းညွှန်ချက်များကို ပြန်လည်စိစစ်ရေးကော်မတီများက ပံ့ပိုးပေးတတ်ကြသော်လည်း စနစ်တကျ မရှိပေ။ မည်သည့်အချက်အလက်များ ထည့်သွင်းတင်ပြရမည်၊ စုံစမ်းစိစစ်မှုလုပ်ငန်းအဆင့်များ မည်မျှကြာမြင့်မည်တို့ကို မသိရှိထားကြသဖြင့် တိုင်တန်းသူများက တိုင်စာအများအပြားပေးပို့ခြင်း သို့မဟုတ် မပြည့်စုံသည့် တိုင်ချက်များ ပေးပို့ခြင်းတို့ဖြစ်လာရာ စနစ်တစ်ခုလုံးအတွင်း ရှုပ်ထွေးမှုများ မြင့်တက်လာခဲ့ရသည်။ တိုင်းဒေ သကြီး/ပြည်နယ် ကော်မတီများသည် အောက်ပါလမ်းညွှန်ချက်များကို ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်[21]နှင့် သတင်းစာများတွင် ဖော်ပြပေးသင့်သည် -

---

[21] Namati အနေဖြင့် မည်သည့်ကုမ္ပဏီ သို့မဟုတ် အင်တာနက်ဝန်ဆောင်မှုများအားအကြံပြုလေ့မရှိပါ။ သို့သော် ယခုဖြစ်စဉ်တွင်မူ ဖေ ဖေ့စ်ဘွတ်သည် မြန်မာနိုင်ငံတွင် ဆက်သွယ်ပြန်ကြားမှုများအတွက် အဓိကသုံးစွဲနေသည့်နည်းပညာဖြစ်ခြင်းကြောင့်သာ အကြံပြုထားရခြင်းဖြစ်ပါသည်။

- တိုင်တန်းချက်များကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သို့မှသာ လုပ်ငန်းဆောင်ရွက်မှု တစ်သမတ်တည်းဖြစ်လာနိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် အနေဖြင့်လည်း သီးသန့်သတ်မှတ်ပေးထားသည့် အမှုတွဲအမှတ်စဉ်ကို အမှုသည်တစ်ဦးချင်းထံသို့ လိပ်မူထားသည့်စာအိတ်အတွင်း ထည့်သွင်းပေးပို့နိုင်ပေမည်
- တိုင်တန်းတင်ပြချက်များတွင် ပါဝင်ရမည့် အချက်အလက်များ၊ ဖြစ်နိုင်လျှင် လျှောက်လွှာပုံစံနမူနာ။ အချို့သောအမှုသည်များ၏ စာတတ်မြောက်မှုအနေအထားအပေါ်မူတည်၍ နမူနာပုံစံကို ခြွင်းချက် အနေဖြင့်သာ အသုံးပြုသင့်သည်။ သို့သော် အခြားသူများအတွက်ကိုမူ အလွန်အသုံးဝင်ပေမည်။
- တိုင်တန်းတင်ပြချက် လက်ခံရရှိသည့်အချိန်မှစ၍ စုံစမ်းစစ်ဆေးမှုဆောင်ရွက်ချိန်၊ ဆုံးဖြတ်ချက် ချမှတ်မည့်အချိန်တို့အတွက် ပျမ်းမျှကြာမြင့်နိုင်မည့် အချိန်ပြဇယား။ အဆိုပါအချိန်ပြဇယား ကျော်လွန် သွားခဲ့ပါက အမှုသည်များအနေဖြင့် ကော်မတီများထံတွင် ဆက်လက်စုံစမ်းမှုများပြုလုပ်ကြရန် ကိုလည်း အကြံပြုတိုက်တွန်းထားသင့်သည်။
- အမှုသည်များအနေဖြင့် ၎င်းတို့၏အမှုတွဲအလိုက် ပေးထားသည့် အမှုတွဲနံပါတ်များကိုအသုံးပြု၍ အမှုတိုးတက်မှုအခြေအနေများအတွက် သတင်းအချက်အလက်များတောင်းခံနိုင်မည့်လမ်းကြောင်း (ဖုန်းနံပါတ်၊ ရုံး၊ စာတိုက်လိပ်စာ သို့မဟုတ် အီးမေးလ်လိပ်စာ)
- အမှုအခင်းများအား သုံးသပ်စိစစ်ရာတွင် ကော်မတီ၏ ဦးစားပေးအစီအစဉ်များကိုလည်း အများ ပြည်သူသို့ မျှဝေထားသင့်ပါသည်။[22]

## အလှူရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ -

**၁။ မြေယာအငြင်းပွားမှုများအား မြေပုံညွှန်းရေးဆွဲခြင်းနှင့် အမျိုးအစားခွဲခြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက် ပေးရန် တောင်းဆိုပါ။ ထိုအချက်များကိုလည်း ဗဟိုတွင် စုဆောင်းသိမ်းဆည်းထားသည့် အချက်အလက် သိုမှီးသူနှင့်လည်း ချိတ်ဆက်ထားရပါမည်။ သို့မှသာ မြေယာအငြင်းပွားမှုများ၏ တိုးတက်မှုအခြေအနေကို ခြေရာခံသိရှိနိုင်ပေမည် (ဖြေရှင်းပြီးသော အငြင်းပွားမှုများကိုလည်း အချိန်နှင့် တစ်ပြေးညီပြင်ဆင်ပေးရမည်)။** ရိုးရှင်းသော GIS တည်နေရာပြစနစ် ထည့်သွင်းထားသည့် tablet များ အသုံးပြုခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။

**၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အထူး CSO အဖွဲ့များနှင့် မြို့နယ်အဆင့် ကော်မတီများ အတွက် လေ့ကျင့် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကို ပံ့ပိုးကူညီပါ။**

**၃။ နေရာဒေသအသီးသီးမှ ကော်မတီအဖွဲ့ဝင်များအကြား အလေ့အထကောင်းများနှင့် ရရှိခဲ့သည့် သင်ခန်း စာများကို မျှဝေပေးနိုင်မည့် အခွင့်အလမ်းများ စီစဉ်ပေးပါ။** ကော်မတီအဆင့်ဆင့်အကြား သို့မဟုတ် တိုင်း ဒေသကြီး၊ ပြည်နယ်များအကြား ဆက်သွယ်ပြန်ကြားမှုများ နည်းပါးနေသေးသည်။ တရားမျှတမှုပီပီပြင်ပြင် ဖော်ဆောင်နိုင်ရေးအတွက် စနစ်ပိုင်းဆိုင်ရာအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စိန်ခေါ်မှုများနှင့် အမျိုးမျိုးသော ချဉ်းကပ်မှုများကို ဝေမျှပေးနိုင်မည့်အခွင့်အလမ်းများ ပျောက်ဆုံးနေပါသည်။ အနိမ့်ဆုံးအဖြစ်

---

[22] ဥပမာ - အမှုကိစ္စများ စိစစ်သုံးသပ်ရာတွင် အောက်ခြေအဆင့်ကော်မတီများ လိုက်နာရန်အတွက် လမ်းညွှန်ချက်အသစ် (၈)ရပ်ကို အသေးစိတ် ဖော်ပြပေးထားသည့် ဌာနတွင်းညွှန်ကြားချက်ကို ဗဟိုကော်မတီက ၂၀၁၇ ခုနှစ် ဧပြီတွင် ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနက် လမ်းညွှန်ချက်တစ်ရပ်မှာ ၁၉၈၈ အရှေ့ပိုင်းက ပေါ်ပေါက်ခဲ့သည့် မြေယာသိမ်းဆည်းမှုများအား သီးခြားကိစ္စရပ်တစ်ခုအနေဖြင့် စဉ်းစားရမည်ဆိုသည့်အချက် ပါဝင်သည်။ ဤအချက်ကို အများပြည်သူသို့ အသိပေးထားရန် အရေးကြီးပါသည်။ လက်ရှိတွင် ကော်မတီများမှ လက်ခံစိစစ်နေသော အမှုအခင်း များတွင် အဆိုပါကာလအတွင်းမှ အမှုများလည်းပါဝင်နေပြီး လျှောက်ထားသူများကလည်း
မည်သို့ဆုံးဖြတ်မည်ကို မျှော်လင့်စောင့်ဆိုင်းနေကြဆဲပင် ဖြစ်သည်။

ကော်မတီအဖွဲ့ဝင်များအားလုံးသည် ၎င်းတို့ဒေသအတွင်းမှ အထက်အဆင့်နှင့် အောက်ခြေအဆင့်ကော်မတီများမှ အနည်းဆုံးအဖွဲ့ဝင်တစ်ဦး၏ ဆက်သွယ်ရမည့်ဖုန်းနံပါတ် ရှိထားသင့်ပါသည်။

**၄။ မြေယာမှုခင်းများ၊ အစီရင်ခံစာထုတ်ပြန်ချက်များကို လေ့လာစောင့်ကြည့်ပါ။ မြေပြင်အခြေအနေနှင့် တိုက်ဆိုင်စစ်ဆေးပါ။ ဆောင်ရွက်ထားမှု မပီပြင်ပါက ဗဟိုကော်မတီထံသို့ အသိပေးအကြောင်းကြားပါ။**

# နောက်ဆက်တွဲ (၁) - အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များ ရွေးချယ်ခန့်ထားရာတွင် ထည့်သွင်းသင့်သည့် အရည်အချင်း သတ်မှတ်ချက်များ

နောင်တစ်ချိန်တွင် အစိုးရမဟုတ်သူအဖွဲ့ဝင်များအား ရွေးချယ်မှု သို့မဟုတ် အစားထိုးမှုများအတွက် အထွေထွေအကြံပြုလမ်းညွှန်ချက်များ

- စစ်မှန်သော တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ ကော်မတီတွင် ပါဝင်သင့်သည်။ အဆိုပါပုဂ္ဂိုလ်များ ရွေးချယ်မှုအတွက် အရည်အချင်းသတ်မှတ်ချက်များကို ကြိုတင်သတ်မှတ်ထားသင့်ပြီး အများ ပြည်သူ သိရှိနိုင်စေရန် ထုတ်ပြန်ထားပေးသင့်သည်။
- တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ အနေဖြင့်လည်း ကော်မတီအဆင့်တိုင်းတွင် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များ ပီပီပြင်ပြင်ပါဝင်လာနိုင်ရေးအတွက် ဒေသခံ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။
- ထို့အတွက် အမျိုးသားအဆင့် မြေယာအသုံးချရေးမူဝါဒကို မှီငြမ်းဆောင်ရွက်သင့်ပါသည်။
- လက်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ယာယီအဖြစ်သတ်မှတ်ထားပြီး လိုအပ်ပါက နိုင်မာအားကောင်းသည့် တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များဖြင့်အစားထိုးဖွဲ့စည်းသင့်သည်။
- ဒေသန္တရအဆင့်ကော်မတီများတွင် တောင်သူလယ်သမားရေးရာလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များကိုသာမက မြေယာအရေး ဆောင်ရွက်နေသည့် ကျွမ်းကျင်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ သို့မှသာ တောင်သူလယ်သမားအစစ်မဟုတ်သော ၎င်းတို့အနေဖြင့် တောင်သူလယ်သမားများအတွက် သတ်မှတ်ထားသည့်နေရာများအား မယူမိစေရန်ဖြစ်သည်။
- တောင်သူလယ်သမားရေးရာလူမှုအဖွဲ့အစည်းကိုယ်စားလှယ်များကိုမှ ရွေးကောက်တင်မြှောက်သင့်ပြီး မြေယာအရေး ကျွမ်းကျင်သူ CSO ကိုယ်စားလှယ်များကိုမှ ရွေးချယ်ခန့်ထားရပါမည်။

အနာဂါတ်တွင် တောင်သူလယ်သမား ကိုယ်စားလှယ်များ ရွေးချယ်ခန့်ထားမည်ဆိုပါက အရည်အချင်း သတ်မှတ်ချက် များအတွက် အကြံပြုချက်များ -

- လယ်သမားဖြစ်ရမည်
- လယ်ယာမြေပိုင်ဆိုင်ထားရမည့်အပြင် လယ်ယာလုပ်ငန်းအကြောင်းကိုလည်း သဘောပေါက်နားလည်ရမည်

- မြေယာနှင့်ဆက်စပ်ဥပဒေများကိုလည်း အသင့်အတင့်နားလည်ထားရမည်
- ဆက်စပ်နေသော လယ်သမားများ/ကျေးရွာလူထုမှ ယုံကြည်လက်ခံနိုင်သူဖြစ်ရမည်
- ကော်မတီလုပ်ငန်းစဉ်များတွင် စိတ်စေတနာမှန်ဖြင့် ပါဝင်ဆောင်ရွက်ရန် အချိန်ပေးနိုင်သူ ဖြစ်ရမည်
- လက်ရှိတွင် မြေယာအငြင်းပွားမှုများကို ရင်ဆိုင်နေရခြင်းမျိုး မရှိရပါ
- ဒေသအတွင်းနေထိုင်နေသူဖြစ်ရမည်
- အဖွဲ့အစည်း/သမဂ္ဂတစ်ခု၏ အဖွဲ့ဝင်ဖြစ်ပါက အဆိုပါ အဖွဲ့အစည်း/သမဂ္ဂမှ ဤလုပ်ငန်းတာဝန်များအတွက် သဘောတူညီချက်/ထောက်ခံချက် ရရှိထားရမည်
- ပညာအရည်အချင်းအဖြစ် အနိမ့်ဆုံး အလယ်တန်းအောင်ဖြစ်ရမည်

အနာဂါတ်တွင် မြေယာကျွမ်းကျင်သူကိုယ်စားလှယ်များ ရွေးချယ်ခန့်ထားမည်ဆိုပါက အရည်အချင်း သတ်မှတ်ချက်များအတွက် အကြံပြုချက်များ -

- အဖွဲ့အစည်းအလိုက်ဆောင်ရွက်မှုအတွေ့အကြုံရှိခိုင်မာသော တစ်သီးပုဂ္ဂလ/ CSO အဖွဲ့ဝင်/ လယ်သမားသမဂ္ဂ အဖွဲ့ဝင်ဖြစ်ရမည်
- မြေယာပြဿနာများကို လိုက်လံဖြေရှင်းပေးနေသည့် အတွေ့အကြုံ ၃-၅ နှစ် ရှိရမည်
- မြေယာနှင့်ဆက်စပ်ဥပဒေများကို နားလည်ကျွမ်းကျင်ရမည်
- ကော်မတီလုပ်ငန်းစဉ်များအား စိတ်စေတနာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် အချိန်ပေးနိုင်သူ ဖြစ်ရမည်
- ဥပဒေ/နည်းဥပဒေ/လုပ်ထုံးလုပ်နည်းတို့အား ထောက်ပြပြောဆိုနိုင်ရမည့်အပြင် ကော်မတီအတွင်းရှိ တွေ့ဆုံဆွေးနွေးမှုများအတွက်ကိုလည်း ရဲရဲဝံ့ဝံ့ပြောဆိုဆွေးနွေးနိုင်ရမည်
- ကိုယ်ကျင့်တရားနှင့် ခံယူချက်စိတ်ဓါတ်တို့ ခိုင်မာတည်ကြည်ရမည်
- ယခင်ကမြေသိမ်းဆည်းမှုများတွင် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိသူ ဖြစ်ရမည်

## အသုံးပြုခဲ့သည့်နည်းလမ်းများ

ဤစာတမ်းငယ်သည် အရည်အသွေးအခြေပြုနှင့် အရေအတွက်အခြေပြု သုတေသနလုပ်ငန်းများအပေါ်၌ အခြေခံပြုစုထားခြင်းဖြစ်ပါသည်။ သတင်းအချက်အလက်အများစုမှာ ကော်မတီများအတွင်းမှ အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များအား လက်တွေ့လုပ်ငန်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများမှ ရရှိလာခြင်းဖြစ်ပါသည်။ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့် အထူးသဖြင့် မြို့နယ်အဆင့်နှင့်အထက်တို့တွင် အဓိကထား၍ တွေ့ဆုံမေးမြန်းမှု အများအပြားကို လုပ်ဆောင်ခဲ့ပါသည်။ CSO ကိုယ်စားလှယ် (၇) ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် (၇)ခု (စုစုပေါင်း ၁၃ ခုရှိပါသည်)မှ ကိုယ်စားလှယ်မဟုတ်သည့် CSO အဖွဲ့ဝင်များအား ဖိတ်ကြားပြီး နှစ်ရက်တာအလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် အပြန်အလှန်ငြင်းခုံမှုများ၊ အချေအတင်ဆွေးနွေးမှုများအပြင် အကြံပြုချက်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ အသစ်ဖွဲ့စည်းထားသည့် ကော်မတီများထံသို့ တိုင်စာပေးပို့ထားသူများကိုလည်း တွေ့တွေ့ဆုံ မေးမြန်းနိုင်ခဲ့ခြင်းများကြောင့် ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ပုံ အထူးသဖြင့် အစိုးရမဟုတ်သည့် ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍအကြောင်းကို ပိုမိုထင်ဟပ်ပေးနိုင်ခဲ့ပါသည်။

ဤစာတမ်းတွင်အသုံးပြုထားသည့် အရေအတွက်အခြေပြု အချက်အလက်အစုအဝေးများမှာ Namati ၏ ဥပဒေအထောက်အကူပြုသူများကွန်ရက်မှ ၂၀၁၃ ဩဂုတ်မှ ၂၀၁၇ မေလအထိ စုဆောင်းပြီးသုံးသပ်ထားကြခြင်းဖြစ်သည်။ အဆိုပါအချက်အလက်များမှာ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများအဖြစ် ၎င်းတို့ကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ခဲ့ကြသည့် မြေယာမှုခင်းများအပေါ် အခြေခံထားပါသည်။ အဆိုပါ ရပ်ရွာအခြေပြု ဥပဒေအထောက်အကူပြုသူများသည် Namati မှ လုပ်ငန်းများဆောင်ရွက်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့တွင်သာ တည်ရှိကြပါသည်။ မြေယာမှုခင်းများကိုလည်း အမှုသည်များ၏တောင်းဆိုချက်အရ လိုက်ပါကူညီပေးကြခြင်းဖြစ်ပါသည်။ ထိုအချက်များကြောင့် ယခု အသုံးပြုထားသည့် အချက်အလက်များမှာ ဒေသတစ်ခုလုံးအားလွှမ်းခြုံထားသည် သို့မဟုတ် ကျပန်း ကောက်ယူထားသည်ဟု မဆိုနိုင်ပေ။ မြန်မာနိုင်ငံအတွင်းရှိ မြေယာပြဿနာအားလုံးအား ကိုယ်စားပြုသည် သို့မဟုတ် ပြီးပြည့်စုံသည်ဟုလည်း မမှတ်ယူသင့်ပါ။ မြန်မာနိုင်ငံ၏ ဥပဒေများကို လက်တွေ့အသုံးချနိုင်ရေး အတွက် တက်တက်ကြွကြွလှုပ်ရှားနေသူများအကြောင်းကို တစ်ဒင်္ဂလှစ်ဟပြခြင်းသာဖြစ်ပြီး မြေယာမှုခင်း ၄၀၀၀ နီးပါးအပေါ်တွင် ကောက်ယူစုဆောင်းထားသည့် အရည်အသွေးအခြေပြုနှင့် အရေအတွက် အခြေပြု အချက်အလက်များ ပါဝင်ပါသည်။ Namati အနေဖြင့်လည်း အသစ်ဖွဲ့စည်းထားသည့် ပြန်လည်စိစစ်ရေး ကော်မတီများအား အသုံးပြုလျှောက်လှမ်းခဲ့ကြသည့် မြေယာမှုခင်းပေါင်း ၁၆၀ ကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ ထိုအထဲတွင် မြေဧကပေါင်း ၁၅၀၀၀ ခန့်၊ လယ်သမားပေါင်း ၂၀၀၀ ကျော်တို့နှင့် သက်ဆိုင်နေပါသည်။ ဥပဒေ အထောက်အကူပြုသူများအနေဖြင့်လည်း မြေယာ မြေယာမှုခင်းတစ်ခုချင်းစီအတွက် အချက်အလက်ပေါင်း ခြောက်ဒါဇင်ကျော်မျှ ကောက်ယူစုဆောင်းခဲ့ရပါသည်။ထို့အပြင် ရပ်ရွာအခြေပြုဥပဒေအထောက်အကူပြုများအဖြစ် အချိန်ပြည့် တာဝန် ထမ်းဆောင်နေကြသည်ဖြစ်ရာ အမှုတစ်ခုချင်းစီရှိ အရည်အသွေးအခြေပြု သတင်းအချက်အလက်များ၊ ပါဝင်ပတ်သက်နေသည့် ရပ်ရွာအတွင်းမှပုဂ္ဂိုလ်များကိုသာမက ဗျူရိုကရက် လုပ်ငန်းစဉ်များ အကြောင်းကိုလည်း ကောင်းကောင်းနားလည်ထားကြပါသည်။

## မှတ်တမ်းတင်ဂုဏ်ပြုလွှာ

ဤသုတေသနလုပ်ငန်းနှင့် အစီရင်ခံအကြံပြုလွှာကို Namati အဖွဲ့မှ ဦးရဲရင့်ထွန်းနှင့် Caitlin Pierce တို့မှ ဦးဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။ သို့သော်ဤစာတမ်းပါ အကြောင်းအရာများနှင့် အကြံပြုချက်များမှာမူ ဧရာဝတီ၊ ကချင်၊ တနင်္သာရီ၊ မကွေး၊ စစ်ကိုင်း၊ ပဲခူးနှင့် ရန်ကုန်တို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်အသီးသီးမှ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုးပမ်းဖော်ထုတ်ခဲ့ကြခြင်းဖြစ်ပါသည်။ အထူးသဖြင့် အောက်ပါပုဂ္ဂိုလ်များထံမှ အကြံပြုချက်များ အဓိကပါဝင်နေပါသည် - ဦးအောင်ကျော်ကျော် (မကွေးတိုင်း ဒေသကြီး ပြန်လည်စိစစ်ရေးကော်မတီမှ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်)၊ ဦးစည်သူအောင် (ဧရာဝတီတိုင်းဒေသကြီး ပြန်လည်စိစစ်ရေးကော်မတီမှ တောင်သူ လယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်)၊ ဦးနေထွန်း (ပြည်ခရိုင် ပြန်လည်စိစစ်ရေး ကော်မတီ ကော်မတီမှ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်)၊ ဦးကျော်ခိုင် (စစ်ကိုင်းတိုင်း ဒေသ ကြီး၊ ရွှေဘိုခရိုင် ပြန်လည်စိစစ်ရေးကော်မတီမှ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်)၊ ဦးမြင့်နိုင် (လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးနှင့် ကာကွယ်ရေး အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး)၊ ဦးတင်စိုးဌေး (Green Peasant Institute ၊ ဧရာဝတီတိုင်းဒေသကြီး)၊ ဦးဟန်ဝ (ကချင်ပြည်နယ် တောင်သူလယ်သမားအဖွဲ့၊ ကချင်ပြည်နယ်)၊ ဒေါ်နော်ခရစ္စတင်း (တနင်္သာရီ မိတ်ဆွေများအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး)၊ ဦးကျော်သက်ဝင်း (စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊

ပြန်လည်စိစစ်ရေးကော်မတီမှ တောင်သူလယ်သမားရေးရာ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်) နှင့် ဦးမျိုးသန့် (ရန်ကုန်တိုင်း ဒေသကြီး)။ ဤစာတမ်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပြီး အကြံဉာဏ်များပေးခဲ့ကြသော ဆုန်ကျင်းပါနှင့် Vivek Meru တို့ကိုလည်း စာတမ်းပြုစုသူများမှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ စာတမ်း ပြုစုသူများအား yeyinth@namati.org နှင့် caitlinpierce@namati.org တို့မှတစ်ဆင့် အီးမေးလ်ရေးသား ဆက်သွယ်နိုင်ပါသည်။

## ၅။ Namati အဖွဲ့အကြောင်း

Namati သည် ဥပဒေရေးရာစွမ်းဆောင်ရည်မြှင့်တင်ရေးကိုအလေးထားဆောင်ရွက်လျှက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကမ္ဘာပေါ် တွင် ဥပဒေအကာအကွယ်ကို မခံစားရသူ အရေ အတွက် ၄ ဘီလီယံခန့်ရှိနေရာ လူထု၏လက်တွင်းသို့ ဥပဒေရောက်ရှိရေးကို Namati မှ ကြိုးစား လုပ်ဆောင်လျှက် ရှိပါသည်။ Namati အနေဖြင့် ရပ်ရွာလူထုအတွင်းမှ ဥ ပဒေ အကျိုးဆောင်များ ("ဥပဒေအထောက်အကူပြုသူများ" ဟုခေါ်ဝေါ်သုံးစွဲကြသည်) အားကောင်း မြင့်မား လာရေးကို ရှေးရှု လုပ်ဆောင်လျှက် ရှိပါသည်။ အဆိုပါပုဂ္ဂိုလ်များသည် ရေးသားပြဌာန်းထားသော ဥပဒေများနှင့် လူတို့၏ လက်တွေ့ဘဝတွင် အမှန်တကယ် သက်ရောက်နေမှုအကြားကွာဟနေမှုများအား ဖြည့်ဆည်း ပေးန ပေးနိုင် ရန်အတွက် ဒေသခံ လူထုနှင့်အတူပူးပေါင်း လုပ်ဆောင်လျှက်ရှိပါသည်။ ထို့အပြင် Namati သည် ရပ်ရွာဘုံပိုင်မြေ များကာကွယ်ရန်၊ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဥပဒေများ လက်တွေ့ ဖော်ဆောင် နိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နိုင်ငံသား ဖြစ်တည်မှု တို့ ကဲ့သို့ အခြေခံအခွင့် အရေးများရရှိ ခံစားနိုင်ရေးတို့အတွက် နိုင်ငံ(၈)ခုမှ အမှုသည်ပေါင်း ၁၄၀၀၀၀ ကျော် နှင့် လက်တွဲ လုပ် ဆောင်လျှက်ရှိပါ သည်။ ယခုကဲ့သို့ အောက်ခြေအဆင့်မှ အတွေ့အကြုံများ အပေါ်အခြေခံ၍ ဥ ပဒေရေးဆွဲ ပြဌာန်းခြင်း သာမက အဆိုပါဥပဒေများကို လက်တွေ့ဖော်ဆောင်ကြမည့် အဖွဲ့အစည်းများတွင်ပါ ကြီးမား သော ပြုပြင် ပြောင်းလဲ မှုများ ပေါ်ပေါက်လာသည်အထိကို Namati မှ ဦးတည် လုပ်ဆောင်လျှက်ရှိ ပါသည်။ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာဥပဒေအသိပညာမြှင့်တင်ရေးကွန်ရက်ကိုလည်း Namati က ဦးဆောင် လျှက်ရှိပြီး အဆိုပါကွန်ရက်တွင် ဥပဒေအသိပညာမြှင့်တင်ရေးကို တစိုက်မတ်မတ် လုပ်ဆောင်လျှက်ရှိ သည့် အဖွဲ့ဝင်ဦး ရေ ၄၀၀၀ ကျော်နှင့် အဖွဲ့အစည်းအလိုက် အဖွဲ့ဝင်အဖြစ် ၁၀၀၀ ကျော ၁၀၀၀ ကျော် ပါဝင်နေပါသည်။

မြန်မာနိုင်ငံတွင်မူ Namati သည် မြေယာအခွင့်အရေးကိစ္စရပ်များ (မှတ်ပုံတင်လျှောက်ထားခြင်း၊ မြေယာ အမျိုးအစား ပြန်လည်ခွဲခြားသတ်မှတ်ခြင်းနှင့် မြေယာသိမ်းဆည်းမှုများ)အတွက် စီမံကိန်းတစ်ခု ကို ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ရုံးခွဲဖွင့်လှစ်ဆောင်ရွက် လျှက်ရှိပါသည်။ ထိုအချိန်မှစ၍ စီမံကိန်းလုပ်ငန်းများ ဆက်လက် ကျယ်ပြန့်လာကာ ယခုဆိုလျှင် တိုင်းဒေသကြီး/ ပြည်နယ် (၇) ခုတွင် ဥပဒေအထောက်အ ကူပြုသူ ၆၁ ဦးအား ကွန်ရက်ချိတ်ဆက်ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိ မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အရပ်သားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ကြိုးပမ်းလှုပ်ရှားမှုအဖွဲ့ (CPRCG)၊ အထက်ချင်းတွင်း လူငယ် များကွန်ရက် (UCYN)၊ သံလွင်သစ္စာ၊ Green Peasant Institute၊ မျှဝေကရုဏာ (SM)၊ လူ့အခွင့်အရေး စောင့်ကြည့်ရေးနှင့် ကာကွယ်ရေးအဖွဲ့ (HRWD)၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG) တို့ဖြစ်ပါသည်။



*ဤမူဝါဒရေးရာအကြံပြုချက်စာတမ်း ရေးဆွဲပြုစုခြင်းနှင့် ပုံနှိပ်ခြင်းတို့အတွက် ရန်ပုံငွေပံ့ပိုးကူညီပေးသည့် အမေရိကန်ပြည်ထောင်စုမှ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမား အဖွဲ့ (DRL) အား Namati မှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။*